

mgyoe.com SAMPLE BOOK



စီးပွားရေးလုပ်ငန်းကြီးများအား

# ပုံကိုင်နိုင်သောစွမ်းရည်

ပါမောက္ခ ဦးကျော်ညွန့်(ငြိမ်း)

ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ မလေးရှား၊ စင်ကာပူတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များနှင့် ဆက်စပ်တင်ပြထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK




စီးပွားရေးလုပ်ငန်းကြီးများကို ဦးဆောင်နေရသူများအား
အထောက်အကူပြုပေးနိုင်ရန် ရည်စူးထားသော ဤစာအုပ်တွင်
မြန်မာနိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော အာရှတိုက်မှ စီးပွားရေးကို
ဦးဆောင်တီထွင် လမ်းဖောက်ပေးခဲ့သော ဂျပန်နိုင်ငံ၊
ယင်း၏နောက်မှ အမီလိုက်လာကြသော တောင်ကိုရီးယား၊ တရုတ်၊
မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၏ စီးပွားရေးတိုးတက်မှု
ဖြစ်စဉ်များအား ဖော်ထုတ်တင်ပြထားပါသည်။
အဆိုပါနိုင်ငံများ ကမ္ဘာ့စီးပွားရေးလောကတွင် ဦးမော့လာရခြင်းမှာ
ယင်းနိုင်ငံများမှ စီးပွားရေးလုပ်ငန်းကြီးများကို ဦးဆောင်ပဲ့ကိုင်
ထိန်းကျောင်းပေးခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၏
စွမ်းရည်များကြောင့်သာ ဖြစ်ပေရာ
ယင်းသို့ ပဲ့ကိုင်ဦးဆောင်ခဲ့သူများက စီးပွားရေးအောင်မြင်မှု
ရယူနိုင်ခဲ့သော နည်းလမ်းများနှင့် ၎င်းတို့တွင် ရှိသော
ထူးခြားသည့်စွမ်းရည်များအကြောင်းကို ပြည့်စုံစွာ
စုစည်းတင်ပြထားသည်။

အနာဂတ်မြန်မာနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
ဦးဆောင်ထမ်းရွက်ကြမည့်သူများ၊ ကျရာကဏ္ဍအလိုက်
ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့်သူများ၊ အထူးသဖြင့် နောင်အနာဂတ်တွင်
ပေါ်ပွင့်လာကြတော့မည့် လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊
ပညာရှင်များနှင့် တိုင်းပြည်စီးပွားရေး ကောင်းမွန်တိုးတက်စေရမည်ဟု
ယုံကြည်မျှော်လင့်နေကြသူများ အားလုံးအတွက်
ဤစာအုပ်က အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်ပါလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

❑ စီးပွားရေး လုပ်ငန်းကြီးတစ်ခု၏ ပဲ့ကိုင် ဆိုသည်မှာ သင်္ဘော တစ်စင်း၏ မာလိန်မှူးနှင့် ဆင်တူပါသည်။ အခက်အခဲ အတား အဆီး ဘေးအန္တရာယ်များကြားထဲမှ မိမိပစ္စည်းနှင့် လူများ မဆုံးရှုံး ရလေအောင် အခက်အခဲ ဟူသမျှကို ထွင်းဖောက် ကျော်လွှားပြီး လိုရာခရီးသို့ အရောက်သွားရပါသည်။ ပဲ့ကိုင်လည်း ကောင်းမှ သာ လိုရာခရီးလည်း ဆိုက်ရောက်ပါမည်။

❑ ကိုယ့်ဘဝကို ကျေနပ် ရောင့်ရဲနေသူသည် မည်သည့်အခါမျှ ထိပ်ဆုံးကို မရောက်နိုင်ပါ။ အမြင့်ဆုံးသော အောင်မြင်မှုကို ရယူလိုသူသည် မိမိလုပ်ငန်းနှင့် ပတ်သက်၍ အမြဲတမ်း လက်ရှိ အခြေအနေထက် ပို၍ ကောင်းလာစေရန် စူးစမ်းရှာဖွေ နည်း လမ်းသစ်တွေ ထွင်ပြီး ကြိုးပမ်းနေရန် လိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE
စာအုပ် ၆၇

# စီးပွားရေးလုပ်ငန်းကြီးများအား ပွဲကိုင်နိုင်သော စွမ်းရည်

(ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ မလေးရှား၊ စင်ကာပူတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များနှင့် ဆက်စပ်တင်ပြထားသည်)

## ပါမောက္ခ ဦးကျော်ညွန့်(ငြိမ်း)

WISDOM HOUSE
အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊
လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၀၅-၈၅၃၃၊ ၀၁-၅၄၅၀၃၆၊ ၀၉-၄၃၀၄၁၈၅၇
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ပထမအကြိမ် | စက်တင်ဘာလ၊ ၂၀၁၂ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက်<br>အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊<br>၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီဒီဇိုင်း | လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | H. Lwin |
| တန်ဖိုး | [illegible] |

၃၃၀.၉

ကျော်ညွန့်၊ ဦး (ပါမောက္ခ) (ငြိမ်း)

စီးပွားရေးလုပ်ငန်းကြီးများအား ပဲ့ကိုင်နိုင်သောစွမ်းရည်/

ပါမောက္ခ ဦးကျော်ညွန့် (ငြိမ်း)။ - ရန်ကုန်၊

Wisdom House စာအုပ်တိုက်၊ ၂၀၁၂။

၁၆၁ - စ၊ ၁၁.၉ × ၁၈.၂ စင်တီ။

(၁) စီးပွားရေးလုပ်ငန်းကြီးများအား ပဲ့ကိုင်နိုင်သောစွမ်းရည်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


❑ ကျေးဇူးတင်လွှာ ၁

❑ နိဒါန်း ၃

၁။ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားတို့၏ စီးပွားရေးလုပ်ငန်း ဦးဆောင်မှု အတတ်ပညာ ၇

၂။ ဂျပန်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစပျိုးလာခြင်း ၂၅

၃။ ဂျပန်နိုင်ငံ လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာခြင်း ၅၅

၄။ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ် ၁၀၁

၅။ တရုတ်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ် ၁၀၇

၆။ စီးပွားရေး အောင်မြင်မှုကို အရယူနိုင်သော နည်းလမ်းများ ၁၁၇

၇။ စီးပွားရေးလုပ်ငန်းကြီး ပဲ့ကိုင်သူ၏ စွမ်းရည် ၁၂၉

❑ နိဂုံး ၁၅၇


mgyoe.com

m g y o e . c o m
SAMPLE BOOK
m g y o e . c o m

m.g y o e . c o m SAMPLE BOOK

## ကျေးဇူးတင်လွှာ

"ပြဿနာ တွေ့ရင် ပြေလည်အောင် ရှင်း၊ ဘယ်တော့မှ လက်မြှောက် အရှုံးမပေးနဲ့၊ အလုပ်တစ်ခုကို စလုပ်ပြီ ဆိုရင် ပြီးမှ ထိုင်ရာက ထ၊ အလုပ်ကို အစမသတ်ဘဲ ထမပြေးနဲ့" ဟူသော ကျွန်တော်၏ ကျေးဇူးရှင် ဖခင်ကြီး အငြိမ်းစား အတွင်းဝန် ဦးဘတင်၏ ဆိုဆုံးမ စကားများက ကျွန်တော့်အသည်းထဲမှာ စွဲနေသဖြင့် ကျွန်တော် စာတွေ အများအပြားကို ရေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့်ကို လူ ဖြစ်အောင် ကျွေးမွေး ပြုစုခဲ့သော မိခင်ကြီး ဒေါ်မြကြည်ကိုလည်း ကျေးဇူးတင်သလို ကျွန်တော် စာရေးရာတွင် အမြဲကူညီ ရိုင်းပင်း အားပေးသော ညီမလေး တင်မာလာကို လည်းကောင်း၊ စီးပွားရေး တက္ကသိုလ်မှ ဆရာ၊ ဆရာမကြီးများ အားလုံးကို လည်းကောင်း၊ စာအုပ် ဖြစ်မြောက်အောင် ပံ့ပိုးကူညီ အားပေး လုပ်ဆောင်ပေးသော ပုဂ္ဂိုလ်များ



m g y o e . c o m

mgyoe.com SAMPLE BOOK

အား လည်းကောင်း အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ရေးသား ဖော်ပြ မှတ်တမ်းတင် ဂုဏ်ပြုပါသည်။

အငြိမ်းစား နိုင်ငံတကာ ရေကြောင်းဥပဒေ ပါမောက္ခ
ဦးကျော်ညွှန့်
ဒါလီယံ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်
( *IMO* ကမ္ဘာ့ရေကြောင်းတက္ကသိုလ် ဌာနခွဲ)၊ ဒါလီယံမြို့။
တရုတ်ပြည်သူ့သမ္မတနိုင်ငံ

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

လုပ်ငန်းတစ်ခုကို အောင်မြင်အောင် လုပ်ကိုင်တော့မည် ဆိုလျှင် ပထမဦးဆုံးသော လိုအပ်ချက်မှာ ပန်းတိုင်ကို မရောက် ရောက်အောင် သွားမည်၊ ရည်မှန်းချက်ကို မဖြစ် ဖြစ်အောင် လုပ်မည် ဆိုသည့် ခိုင်မာသော ဆုံးဖြတ်ချက် *(strong determination)* နှင့် အောင်မြင်လိုသော ပြင်းပြလွန်းသည့် ဆန္ဒ *(Passion and ardent desire for success)* မရှိလျှင် လုံးဝ မဖြစ်နိုင်ပါ။

ဥပမာ တင်ပြရမည် ဆိုပါက လူ တစ်ဦးသည် မော်တော်ယာဉ် အင်ဂျင်နီယာပညာကို ကျွမ်းကျင်မှု ရှိပြီး မြန်မာနိုင်ငံတွင်း၌ မော်တော်ကား တည်ဆောက် ထုတ်လုပ်လိုသည့်ဆန္ဒ ရှိနေသည် ဆိုပါစို့။ ထိုဆန္ဒမှာ ဆန္ဒအနေဖြင့်သာ ရှိနေ၍ မရပါ။ ပြင်းပြသောဆန္ဒ ဖြစ်ရန်နှင့် တကယ် မဖြစ်မနေ လက်တွေ့ အကောင်အထည်ဖော်ရန် ဆန္ဒ ရှိမှသာလျှင် ဖြစ်ပါမည်။

ပထမဆုံး မော်တော်ကား ထုတ်လုပ်မှုနည်းစနစ်၊ ဖရိုင်၊ ကိုယ်ထည်၊ *Suspension System* ၊ ဂီရိဆုံစနစ်၊ အားပို့သည့် *transmission system*၊ လက်ကိုင် ထိန်းချုပ်ပုံ၊ ဘရိတ်စနစ်များ၊ လောင်စာပို့ခြင်းစနစ်၊ အင်ဂျင် တည်ဆောက်ပုံ၊ အင်ဂျင်သို့ မီးဖွင့်ပေးသည့်စနစ်၊ ဘီးများကို

mgyoe.com

mgyoe.com


လည်ပတ် စွမ်းအားပေးသည့်စနစ်၊ ကားတစ်စင်းလုံး၏ အခြေအနေကို ပြသသည့် ဒိုင်ခွက်များအတွက် လျှပ်စစ်အားနှင့် လျှပ်စီးကြောင်းများ တပ်ဆင်မှုစနစ် စသည်ဖြင့် အသေးစိတ် လေ့လာပြီး ကိရိယာ တစ်ခုချင်းကို မိမိကိုယ်တိုင် ထုတ်လုပ်နိုင်မလား၊ ဝယ်ယူသုံးစွဲ တပ်ဆင်မလား ဆိုသည်ကို တွက်ခြေကိုက် မကိုက် ဝေဖန်ပိုင်းခြား စိစစ်လေ့လာပြီးမှ ဆုံးဖြတ်ချက်ချရသည်။

ထို့နောက် ကားကို ဒီဇိုင်းပုံ ဆွဲကြည့်ပြီး လုပ်ငန်း အသေးစိတ်ကို ပုံဖော်ပေးရသည်။ ထို့နောက် ပုံစံတူ ကားကလေး ထုတ်လုပ်ပြီးနောက် နမူနာ ကားကို ထုတ်လုပ်ပေးကြရသည်။ ထို့နောက် တကယ့်ကား တစ်စီးကို စမ်းသပ် ထုတ်လုပ်ကြည့်ကြရသည်။ အောင်မြင်ခြင်း ရှိမရှိ *test run* ခေါ် လက်တွေ့ စမ်းသပ်မှု အမျိုးမျိုးကို အကြိမ်ပေါင်း များစွာ စိတ်ချရအောင် စိစစ်စမ်းသပ် စစ်ဆေးပြီးမှ *trial test* ခေါ် အပြီးသတ် စစ်ဆေးပြီး မော်တော်ကားမှာ အရည်အသွေးမီ၍ စံချိန်မီသော လုံခြုံ စိတ်ချရမှု ရှိကြောင်း သက်ဆိုင်ရာ အစိုးရ ဌာနများထံမှ ထောက်ခံချက်လက်မှတ် ထုတ်ယူကြရသည်။ ပြီးမှ မော်တော်ကားများကို စုပြုံ တပ်ဆင်၍ *production line* တွင် အဆင့်ဆင့် ပြုလုပ်ပေးကြရသည်။

မည်သို့ပင်ဖြစ်စေ ခက်ခဲသော လုပ်ငန်းရပ်များကို ပြီးဆုံး အောင်မြင်သည်အထိ မဖြစ်မနေ ဆောင်ရွက်မည် ဟူသော ဇွဲမာန်အပြည့်ဖြင့် ပြုလုပ်မှသာ နောက်ဆုံးတွင် အောင်မြင်မှု ရမည် ဖြစ်ပါသည်။

အလုပ်လုပ်ရာတွင် နောက်ဆုံးပန်းတိုင်ကို မိမိအာရုံထဲတွင် ပုံဖော်ကြည့်ပြီး ပြင်းပြင်းထန်ထန် ကြိုးစား လုပ်ပါမှ အောင်မြင်ပါမည်။

တော်ရုံတန်ရုံ ဇွဲသတ္တိဖြင့် လုပ်လျှင် မည်သည့်လုပ်ငန်းကိုမျှ ကြီးကြီးကျယ်ကျယ် လုပ်၍ မရပါ။

အမေရိကန် လေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့သည် ဇွဲ၊ စိတ်ဓာတ် အားမာန်အပြည့်ဖြင့် ထိပ်ဆုံးမှ အောက်ဆုံးလူအထိ တက်

mgyoe.com

mgyoe.com SAMPLE BOOK

ညီလက်ညီ အားထုတ်မှု *(synergy)* ဖြင့် အကွက်မိမိ၊ အကွက်ကျကျ၊ စည်းကမ်းတကျ၊ နည်းမှန်လမ်းမှန် စီမံကိန်းများချ၍ ဆယ်စုနှစ်နှင့်ချီကာ ကြိုးစားလုပ်ဆောင်ခဲ့ကြသဖြင့် လပေါ်သို့ ပထမဆုံးလူသား အာကာသ ယာဉ်မှူး *Niel Armstrong* ဆိုသူ ဆင်းသက်နိုင်ခဲ့ပြီး ကမ္ဘာ့သိပ္ပံနှင့် နည်းပညာသမိုင်းတွင် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပါသည်။

အောင်မြင်မှုက *Armstrong* သတ္တိရှိလွန်း၍ မဟုတ်။ တစ်ဖွဲ့လုံး၊ တစ်နိုင်ငံလုံး၏ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အားပေးလုပ်ဆောင် ပံ့ပိုးခဲ့ကြ၍သာ ဖြစ်ပါသည်။ မိုက်ကယ် ဖာရာဒေး ဆိုသူ အင်္ဂလိပ်လူမျိုး က ဇွဲမာန်အပြည့်ဖြင့် အလုပ်ထဲ အာရုံစူးစိုက်ထားနိုင်မှုကြောင့် ကမ္ဘာ ပေါ်တွင် ပထမဆုံးသော ဂျင်နရေတာ လျှပ်စစ်ဓာတ်အား ထုတ်လုပ် နိုင်သည့် စက်ကို တီထွင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

အလားတူစွာ အင်ရိုကိုဖာမီ ဆိုသူ အီတာလျံ ရူပဗေဒ ပညာရှင် သည် မိမိ၏ ပညာဗဟုသုတနှင့် စိတ်အာရုံကို လုပ်ငန်းထဲတွင် နှစ်ရှည် လများ စုစည်းထား၍ အားကြိုးမာန်တက် လုပ်ကိုင်နိုင်ခဲ့သဖြင့် ကမ္ဘာ့ ပထမဦးဆုံး အဏုမြူ ဓာတ်ပေါင်းဖိုကို တီထွင် ဖန်တီးပေးနိုင်ခဲ့ပါသည်။

ထိုနည်းတူပင် ဂူလီယာနို မာကိုနီ ဆိုသူက နှစ်ပေါင်းများစွာ မဖြစ် မနေ အလုပ်ထဲ အာရုံစိုက်၍လုပ်ဆောင်နိုင်ခဲ့သဖြင့် ကမ္ဘာ့ပထမဆုံး အသံ လွှင့်စက် *(radio transmitter)* ကို တီထွင် ဖန်တီးနိုင်ခဲ့ခြင်းဖြစ်ပေသည်။

ရေနွေးငွေ့ကို စွမ်းအင် ပြောင်းလဲပေးခဲ့သည် ဂျိမ်းစ်ဝပ်၊ ရေနွေးငွေ့ သုံး မီးရထားစက်ခေါင်း တီထွင်ခဲ့သည့် စတီဖင်ဆန်၊ ဂျက်အင်ဂျင်ကို တီထွင်သည့် ဆာ ဖရင့် ဝှစ်တဲလ်၊ လေယာဉ်ပျံကို တီထွင်သည့် ရိုက် ညီနောင် စသူတို့သည် ပန်းတိုင်ကို စိတ်အာရုံထဲတွင် ပုံဖော်ထားကြပြီး 'ဖြစ်ကို ဖြစ်လာရမည်' ဟူသော အဓိဋ္ဌာန်ဖြင့် အာရုံစိုက်ကာ နှစ်ပေါင်း များစွာ ကြိုးပမ်း အားထုတ်လာခဲ့ကြ၍သာ အောင်မြင်သူများ ဖြစ်လာခဲ့ ကြခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

အနာဂတ် မြန်မာနိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန်ဖြင့် တိုးတက်လာစေလိုသည် ဆိုပါလျှင် စီးပွားရေး လုပ်ငန်းကြီးများကို ဦးဆောင်နေရသူများ မျက်စိပွင့်လင်းလာဖို့ လိုပါလိမ့်မည်။ စီးပွား ရေးလုပ်ငန်းကြီးများကို ဦးဆောင်နေရသူများအား ဤစာအုပ်ဖြင့် အထောက်အကူ ပြုပေးနိုင်ရန် စာရေးသူ ရည်စူးပါသည်။ အဆိုပါ ရည်ရွယ်ချက်ဖြင့် စာရေးသူတို့နိုင်ငံနှင့် အနီးစပ်ဆုံး ဖြစ်သော အာရှတိုက်မှ စီးပွားရေးကို ဦးဆောင်တိထွင် လမ်းဖောက်ပေးခဲ့သော ဂျပန်နိုင်ငံ၏ စီးပွားရေး ဖြစ်စဉ်ကို တတ်နိုင်သမျှ လေ့လာရှာဖွေကာ အသေးစိတ်နီးပါး ပြုစုတင်ပြထားပါသည်။

ဂျပန်၏နောက်မှ အမီလိုက်လာကြသော တောင်ကိုရီးယား၊ တရုတ်၊ မလေးရှားနှင့် စင်ကာပူတို့၏ စီးပွားရေး တိုးတက်မှုဖြစ်စဉ်အားလည်း ဆက်စပ် တင်ပြထားပါသည်။ အဆိုပါနိုင်ငံများ ကမ္ဘာ့စီးပွားရေးလောကတွင် ဦးမော့လာရခြင်းမှာ ယင်းနိုင်ငံများမှ စီးပွားရေးလုပ်ငန်းကြီးများကို ဦးဆောင်ပဲ့ကိုင် ထိန်းကျောင်းပေးခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၏ စွမ်းရည်များကြောင့်သာ ဖြစ်သည်။ သို့ပါ၍ ယင်းသို့ ပဲ့ကိုင်ဦးဆောင်ခဲ့သူများက စီးပွားရေး အောင်မြင်မှု ရယူနိုင်ခဲ့သော နည်းလမ်းများနှင့် မည်ကဲ့သို့သော စွမ်းရည်များ ရှိကြသည်ကို စာရေးသူ ဖတ်မှတ် စုဆောင်းလာခဲ့သည်များမှ ကောက်နုတ်၍ ဤစာအုပ်၏ အခန်း (၆) နှင့် အခန်း (၇) တို့တွင် တင်ဆက်ထားပါသည်။

အနာဂတ် မြန်မာနိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင် ထမ်းရွက်ကြမည့်သူများ၊ ကျရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့်သူများ၊ အထူးသဖြင့် နောင်အနာဂတ်တွင် ဖူးပွင့်လာကြတော့မည့် လူငယ် စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် တိုင်းပြည်စီးပွားရေး ဧကန်မုချ တိုးတက်စေရမည်ဟု ယုံကြည်မျှော်လင့်နေကြသူများ အားလုံးအတွက် ဤစာအုပ်က အုတ်တစ်ချပ် သဲတစ်ပွင့် အနေဖြင့်ဖြည့်ဆည်းပေးလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)
# ဂျပန်၊ တရုတ်နှင့် တောင်ကိုးရီးယားတို့၏ စီးပွားရေးလုပ်ငန်း ဦးဆောင်မှု အတတ်ပညာ

အနောက်နိုင်ငံများတွင် စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ တိုးတက် ထွန်းကားလာစေရန် နှစ်ပေါင်း များစွာ ကြိုးပမ်း ဆောင်ရွက်ခဲ့ရသည်။ ဂျပန်နိုင်ငံကမူ မမျှော်လင့်ဘဲ ရုတ်တရက် တိုးတက်လာသကဲ့သို့ ဖြစ်နေသည်။ ၁၇၆၀ ပြည့်နှစ်မှ စတင်၍ ဗြိတိန်နိုင်ငံက စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင် လုပ်ဆောင်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် ပထမဦးဆုံး စက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးသော နိုင်ငံ ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ထိုအချိန်က တိုးတက်သော လူမှုရေးနှင့် နိုင်ငံရေး အခြေအနေများ ရှိနေခဲ့ပြီးသား ဖြစ်သည်။ နှစ်ပေါင်း ၂၀၀ ကြာသောအခါ မိမိ သိမ်းပိုက်ထားသော ကိုလိုနီနိုင်ငံများအပေါ် ကုပ်သွေးစုပ် အမြတ်ထုတ်နိုင်ခဲ့၍ ကြီးပွား ချမ်းသာ တိုးတက် ဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်သည်။

ထိုဖြစ်ရပ်များနှင့် ခပ်ဆင်ဆင်ပင် အခြားသော ဥရောပနိုင်ငံများက ကြုံတွေ့ ဖြစ်သန်းခဲ့ကြသည်။ အမေရိကန်နိုင်ငံသို့ စက်မှုတော်လှန်ရေးကြီးက ပျံ့နှံ့ ရောက်ရှိသွားခဲ့သည်။



mgyoe.com

mgyoe.com


ဂျပန်နိုင်ငံအတွက်မူ စက်မှုဖွံ့ဖြိုးမှု ဖြစ်စဉ်မှာ တစ်မူထူးခြားနေသည်။ ၁၈၂၀ ပြည့်နှစ်မှ ၁၈၆၈ ခုနှစ်အတွင်း ဂျပန်နိုင်ငံတွင် ကြီးမားသော ပြောင်းလဲမှုကြီးများ ဖြစ်ပေါ်လာခဲ့သည်။ မေဂျီ ဧကရာဇ်က ခေတ်မီတိုးတက်၍ အနောက်နိုင်ငံများနှင့် ပခုံးချင်း ယှဉ်နိုင်သော ဂျပန်နိုင်ငံသစ်ကို တည်ထောင်ရန် အာသာဆန္ဒ ပြင်းပြစွာဖြင့် လက်တွေ့ကျကျ ခေတ်မီတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကွက်စေ့စေ့ ထောင့်စေ့စေ့ လုပ်ကိုင်ပေးနိုင်ခဲ့သည်။

၁၆၄၁ ခုနှစ်အထိ ဂျပန်က ကံကြွေးချစနစ်ကို ကျင့်သုံးပြီး ပြင်ပကမ္ဘာနှင့် အဆက်အဆံ မလုပ်ဘဲ သီးခြား အထီးကျန် နေထိုင်ခဲ့ကြသည်။ တစ်နည်းဆိုရလျှင် တံခါးပိတ်ဝါဒကို စွဲစွဲမြဲမြဲ ကျင့်သုံးခဲ့ကြသည်။ ၁၈၅၀ ပြည့်နှစ်အထိ ပြည်ပကုန်သွယ်ရေး ဆိုသည်မှာ လုံးဝ မရှိခဲ့ပါ။ ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ကံကြွေးချ စိုက်ပျိုးရေးစနစ်သာ ဖြစ်ခဲ့သည်။ လူများမှာ မသေရုံတမယ် စား၍ ဘဝကို ရုန်းကန် လှုပ်ရှားနေခဲ့ကြရသည်။

၁၈၆၈ ခုနှစ်တွင် စက်မှုဖွံ့ဖြိုးလာသော နိုင်ငံများမှ လူများ၏ တစ်ဦးချင်း ဝင်ငွေမှာ ဂျပန်ထက် ငါးဆ ပိုနေသည်။

မေဂျီဘုရင်က ရှေးဦးစွာ မြေယာစနစ်ကို စတင် ပြုပြင်ပြောင်းလဲခဲ့သည်။ ဂျပန်တစ်နိုင်ငံလုံးတွင် တစ်မျိုးတည်းသော ငွေကြေးစနစ်ကိုသာ သုံးစွဲစေခဲ့သည်။ ခေတ်မီလုပ်ငန်းများကို အစိုးရက တာဝန်ယူ၍ စတင်လုပ်ဆောင်ပေးသည်။ နိုင်ငံခြားမှ အင်ဂျင်နီယာများကို ငှားရမ်း ဖိတ်ခေါ်ပြီး နည်းပညာများကို အခကြေးငွေ ပေး၍ ဝယ်ယူခဲ့ကြသလို စက်ရုံနှင့် စက်ပစ္စည်းများကိုပါ တတ်စွမ်းနိုင်သမျှ ဝယ်ယူစုဆောင်း၍ ပြည်တွင်း စက်မှု ထွန်းကားလာရေးကို အားဖြည့်ပေးခဲ့ကြသည်။


mgyoe.com

mgyoe.com


**ငွေကြေးစုဆောင်းမှု ပမာဏ မြင့်မားခြင်း၊ လုပ်သားများ စည်းကမ်း သေဝပ်ခြင်းနှင့် ပြင်ပအကျိုးသက်ရောက်မှုများ**

အစိုးရက နိုင်ငံခြားမှ နည်းပညာ၊ ခေတ်မီစက်ရုံနှင့် စက်ပစ္စည်းများကို ဝယ်ယူတင်သွင်းနေချိန်တွင် ၁၈၈၀ ပြည့်နှစ်မှ ၂၀ ရာစုထဲ ရောက်သည် အထိ ပုဂ္ဂလိကများက ခနအင်အား အရင်းအနှီးများကို စုဆောင်း သိုမှီး လျက် ရှိနေကြသည်။ ထို စုဆောင်း ရင်းနှီးငွေများဖြင့် နိုင်ငံခြားမှ ခေတ်မီ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများကို တစ်ဖန် ဝယ်ယူစုဆောင်း ရင်းနှီး မြှုပ်နှံလာနိုင်ခဲ့ကြသည်။

စီးပွားရေး ကျဆင်းနေချိန်မျိုးတွင် ဂျပန်ကုမ္ပဏီများသည် မိမိတို့၏ အလုပ်သမားများကို အလုပ် မဖြုတ်ပစ်ဘဲ ကုမ္ပဏီများ စပ်ကြားတွင် အလုပ်နည်းပါးသော ကုမ္ပဏီဝန်ထမ်းများကို အလုပ်များသော ကုမ္ပဏီ များထံ ခေတ္တ ငှားရမ်းပေးထားပြီး လစာကို ကုမ္ပဏီ နှစ်ခုစလုံးက တစ်ဝက် စီ မျှခံလေ့ရှိကြသဖြင့် အလုပ်သမားများ၏ အလုပ်ခွင် တည်မြဲရေးမှာ အာမခံချက် အပြည့်အဝ ရှိနေသည်။ အလုပ် ပြုတ်မည်ကို အလုပ်သမား များက စိုးရိမ်စရာ မလိုဘဲ အလုပ်ကို အလုပ်နှင့် တူအောင် ကြိုးစား လုပ်ကိုင်ရန်သာ လိုအပ်သည်။

ထို့ကြောင့် ဂျပန်နိုင်ငံတွင် အလုပ်ရှင်-အလုပ်သမား ပဋိပက္ခ မရှိဘဲ မိသားစုသဖွယ် ဆက်ဆံ နေထိုင်တတ်ကြသဖြင့် ကုန်ထုတ် စွမ်းအား ပမာဏ မြင့်မားကာ ကုန်ပစ္စည်းများ အရည်အသွေး ကောင်းမွန်သဖြင့် ကမ္ဘာ့ဈေးကွက်ထဲတွင် ယှဉ်ပြိုင်အား ကောင်းနေခြင်း ဖြစ်သည်။ အားသာ ချက် အပြည့်အဝဖြင့် ဂျပန်က အခြားယှဉ်ပြိုင်ဘက် နိုင်ငံများအပေါ် ကျော်လွန် လွှမ်းမိုးနေနိုင်ခြင်း ဖြစ်သည်။

ဂျပန်အလုပ်သမားများ၏ လုပ်ခသည် မေဂျီခေတ်ကလို ဈေးမပေါ တော့ပါ။ လုပ်အားခ ဈေးကြီးလာပြီး လုပ်အား အရည်အသွေးလည်း

mgyoe.com

mgyoe.com 

မြင့်မားလာသဖြင့် ဂျပန်ပစ္စည်းများက အခြားနိုင်ငံလုပ် ပစ္စည်းများအပေါ် ကျော်လွှား အနိုင်ယူကာ ဈေးကွက်ကို ဦးဆောင်နေနိုင်ကြခြင်း ဖြစ်သည်။

ဂျပန်တို့၏ အရင်းအနှီး စုဆောင်းနိုင်စွမ်းသတ္တိက အခြားနိုင်ငံများထက် သာလွန်နေကြောင်း လေ့လာတွေ့ရှိရသည်။ ၁၈၈၅ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်း စုဆောင်းနိုင်ကြပြီး ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စုဆောင်းလာနိုင်ကြသည်။ (စုစုပေါင်း ဝင်ငွေအပေါ် စုဆောင်းနိုင်ခြင်း ဖြစ်သည်) ၁၉၆၅ ခုနှစ်တွင် ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းအထိ ငွေ စုဆောင်းလာနိုင်ခဲ့ကြသဖြင့် ကမ္ဘာ့ပေါ်တွင် ငွေ အများဆုံး စုဆောင်းနိုင်သည့် နိုင်ငံ ဖြစ်လာခဲ့သည်။

မေဂျီအစိုးရက လမ်းများ၊ ဆိပ်ကမ်းများ၊ မီးရထားလမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် အနာဂတ် စီးပွားရေး ဖွံ့ဖြိုးလာစေမှုရန် လမ်းခင်းပေးခဲ့သည်။ ၁၈၈၅ ခုနှစ်က ဂျပန်နိုင်ငံ၏ ပြည်ပပို့ကုန် ပမာဏမှာ အမျိုးသားထုတ်လုပ်မှု စုစုပေါင်း၏ ၆ မှ ၇ ရာခိုင်နှုန်းအထိသာ ရှိခဲ့သည်။ မေဂျီအလယ်လောက်မှ စတင်၍ ၁၉၃၀ ပြည့်လွန်နှစ်များအထိ ဂျပန်နိုင်ငံ၏ ပြည်ပပို့ကုန် ပမာဏမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက် မြင့်မားလာခဲ့ပါသည်။ *GNP* ဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်ပပို့ကုန် ပမာဏ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

၁၉၅၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ပို့ကုန်ပမာဏ မြင့်တက်လာ၍ တိုင်းပြည်ကို စီးပွားရေး ကျဆင်းမှုမှ ဆွဲထုတ် ကယ်တင်နိုင်ခဲ့သည်။ ဂျပန်၏ စီးပွားရေးမှာ ကုန်ပစ္စည်း ထုတ်လုပ်ရေးနှင့် ပြည်ပသို့ တင်ပို့နိုင်ရေး အပေါ် လုံး၀ မှီခိုလာရသည်ကို တွေ့ရသည်။

၁၉၃၀ ပြည့်နှစ်များတွင် ဂျပန်နိုင်ငံက စက်ရုံများ၊ စက်ကိရိယာများအတွက် ရင်းနှီးမြှုပ်နှံမှုမှာ သိသိသာသာ မြင့်မား တိုးတက်လာခဲ့သည်။ သို့ရာတွင် စားသုံးမှု နှုန်းထားမှာ သိသိသာသာ မတိုးတက်ခဲ့ပါ။ ဤအခြေ



mgyoe.com

mgyoe. 

အနေက မြင့်မားသော ရေရှည် စီးပွားရေး တိုးတက်မည့် အလားအလာကို ပြသနေခဲ့သည်။

စက်မှုကျွမ်းကျင်မှု အဆင့်မြင့်မားလာသည်နှင့်အမျှ အကြီးစားစက်မှုလုပ်ငန်းများသည် ပို၍ ဖြစ်ထွန်းလာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံး စက်ကိရိယာများကို အသုံးပြု၍ စိုက်ပျိုးကြသဖြင့် စိုက်ပျိုးရေး ထုတ်ကုန်များ ပြန်လည်တိုးတက်လာသည်။

မြေကွက်များကို ချဲ့ထွင်ပြီး စိုက်ပျိုးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သဖြင့် တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်များတွင် လယ်ယာ ထွက်ကုန်များအပေါ် အစိုးရက ထောက်ပံ့ပေးထားသဖြင့် လယ်သမားများ ဝင်ငွေ ပို၍ တိုးလာကြသည်။

(က) ကုန်စည်များကို အမြောက်အမြား ထုတ်ပေးနိုင်ခြင်းကြောင့် ကုန်စည် တစ်ယူနစ်ချင်း၏ ထုတ်လုပ်မှုစရိတ် ကျဆင်းလာသဖြင့် အကျိုးအမြတ် များပြားလာသည်။

(ခ) အလုပ်သမားများ၏ ကျွမ်းကျင်မှု အရည်အသွေး အလွန် မြင့်မားပြီး အလုပ်ရှင်-အလုပ်သမား ပဋိပက္ခ မရှိကြသဖြင့် ထုတ်လုပ်မှု တိုးတက်ကာ ကုန်ကျစရိတ် များစွာ သက်သာသည်။ အလေအလွင့် ဆုံးရှုံးမှုလည်း အလွန် နည်းပါးလာသည်။

(ဂ) လုံလောက်သော ငွေကြေး ရင်းနှီးမြှုပ်နှံမှု ပြုနိုင်၍ စီးပွားရေးလုပ်ငန်းများ တိုးတက်မှု မြန်ဆန်လာသည်။

(ဃ) စက်မှု နည်းပညာဆိုင်ရာ တီထွင်မှုများကို အဆက်မပြတ် ပြုလုပ်နိုင်၍ ကုန်စည် ရောင်းအား မြင့်တက်လာသည်။

(င) ပြည်ပဈေးကွက် ကြီးမားလာပြီး ဂျပန်က ကမ္ဘာဈေးကွက်ထဲတွင် ဈေးနှုန်း သက်သာမှုကို အခြေပြု၍ ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်ခဲ့သည်။

mgyoe.com

mgyoe.com 

(စ) ဂျပန်နိုင်ငံအား ဘက်စုံတွင် ခေတ်မီတိုးတက်အောင် ပြုပြင်လာနိုင်ခြင်းက ဂျပန်စီးပွားရေးကို ဖွံ့ဖြိုးလာစေရန် ကြီးမားစွာ အထောက်အကူ ပြုနိုင်ခဲ့သည်။

(ဆ) ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့် နောက်ပိုင်း တစ်နိုင်တစ်ပိုင် ကိုယ်ထူကိုယ်ထ ကိုယ်တိုင် အားပေးသည့် စီးပွားရေးလုပ်ငန်း ငယ်ကလေးများ တစ်ဟုန်ထိုး ဖွံ့ဖြိုးလာခဲ့သည်။

မှတ်ချက်။ (မေဂျီဘုရင် လက်ထက်မှ စ၍ ဘဏ်လုပ်ငန်းကို စတင် အခြေခိုင်အောင် လုပ်ပေးနိုင်ခဲ့ပြီး ရေနွေးငွေ့အင်အားသုံး သင်္ဘောများကြောင့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အခြေခံ ကောင်းများ ရရှိခဲ့သည်ဟု ဘောဂဗေဒသမိုင်းကို သုတေသန ပြုကြသူများက တင်ပြခဲ့ကြသည်။)

## ဂျပန်နိုင်ငံ၏ ပြည်ပကုန်သွယ်ရေးလုပ်ငန်း

၁၉၀၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ဂျပန်၏ ပြည်ပပို့ကုန်ပမာဏ ကြီးထွားမှု နှုန်းထားမှာ *GNP* ကြီးထွားမှု နှုန်းထားထက် ပိုနေခဲ့သည်။ ဂျပန်နိုင်ငံက လိုအပ်သော စက်မှုကုန်ကြမ်းများကို လုံလုံလောက်လောက် ဝယ်ယူ ဖြည့်တင်းနိုင်ရန် ထိုသို့ကြိုးပမ်း လုပ်ဆောင်ခဲ့ရခြင်း ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်တွင် ဂျပန်ထုတ်ကုန်များ တိုးတက် တင်ပို့နိုင်၍ နိုင်ငံတကာ ဈေးကွက်တွင် ပို၍ ယှဉ်ပြိုင်နိုင်အား ကောင်းလာခဲ့သည်။ သို့ရာတွင် ဂျပန်က သွင်းကုန်များကို လျှော့ချ၍ တင်သွင်းခဲ့သည်။ အကြောင်းမှာ ဂျပန်ပြည်တွင် ပြည်ပမှ ရောင်းချသော ပစ္စည်း အားလုံး နီးပါးကို ပြည်တွင်း၌ စံချိန်မီမီ ထုတ်လုပ်ပေးနိုင်သောကြောင့် ဖြစ်သည်။

သို့သော် ရေနံနှင့် အခြားကုန်ကြမ်းများကိုမူ ပိုမိုတိုးတက် တင်သွင်း ခဲ့ရသည်။

mgyoe.com

mgyoe.com


၁၈၇၀ ပြည့်နှစ်ခန့်က ဂျပန်နိုင်ငံ၏ ပြည်ပပို့ကုန်များမှာ အခြေခံကုန်ပစ္စည်းများ ဖြစ်ကြသော လက်ဖက်ခြောက်၊ ပိုးချည်မျှင်နှင့် ရေထွက်ပစ္စည်းများသာ ဖြစ်ခဲ့သည်။ ၁၉၁၀ ပြည့်နှစ် ရောက်သောအခါ ပိုးထည်များနှင့် ဝါဂွမ်းဖြင့် ယက်လုပ်ထားသော အထည်များကို ပြည်ပသို့ တင်ပို့လာနိုင်ခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ်ခန့်အထိ အထည်များကို ပြည်ပသို့ မြောက်မြားစွာ တင်ပို့နိုင်ခဲ့ကြသည်။

၁၉၄၀ ပြည့်နှစ် နောက်ပိုင်းတွင် အကြီးစား စက်မှုလုပ်ငန်းများနှင့် ဓာတုဗေဒဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုး ကြီးထွားလာခဲ့သည်ကို တွေ့ရသည်။ ၁၉၅၀ ပြည့်နှစ် ရောက်သောအခါ အကြီးစား စက်မှုလုပ်ငန်းမှ ထုတ်ကုန်ပစ္စည်းများနှင့် ဓာတုဗေဒ ထုတ်ကုန်ပစ္စည်းများအား ပြည်ပသို့ တင်ပို့ ရောင်းချနိုင်မှုသည် အခြားသော ပြည်ပပို့ကုန်များ၏ ပမာဏထက် များစွာ ကျော်လွန် ပိုမိုလာခဲ့သည်။

တန်ဖိုးကြီးမားသော စက်မှုထုတ်ကုန်ပစ္စည်းများသည် ဝင်ငွေ မြင့်မားသော ချမ်းသာသည့် နိုင်ငံများတွင် ဈေးကွက်ကြီးကြီး ရလာတတ်ကြသည်။ ဂျပန်နိုင်ငံက ပြည်ပပို့ကုန် တိုးမြှင့်ရေးဖြင့် စီးပွားရေးလောကကြီးကို အခြေခံထားကြသော်လည်း ပြည်တွင်း ဝယ်လိုအားကပါ မြင့်မားလာသည်။ ၁၉၆၀ ပြည့်နှစ်မှ စ၍ ဂျပန်နိုင်ငံ၏ နိုင်ငံခြားဝင်ငွေ စုဆောင်းထားသည့် ပမာဏ ကြီးထွားမြင့်မားလာခဲ့သည်။

ထိုစဉ်က ဂျပန်နိုင်ငံ၌ နေထိုင်မှုပတ်ဝန်းကျင် အခြေအနေ တိုးတက်ကောင်းမွန်လာသဖြင့် ဂျပန်များ၏ ကျန်းမာရေးလည်း ပိုမိုကောင်းမွန်လာခဲ့ကြသည်။ အစာအာဟာရ ပြည့်စုံ လုံလောက်စွာ စားသုံးကြရသဖြင့် အသက် ၁၀ နှစ်အောက် ကလေးများ သေဆုံးရမှု ကျဆင်းလာခဲ့ကြသည်။ ထိုစဉ်က အဓိက စိုက်ပျိုးရသည်မှာ ဆန်စပါးသာ ဖြစ်သည်။ ယနေ့တွင်လည်း ဆန်စပါးသည်သာ အဓိက အာဟာရ ဖြစ်နေဆဲ ဖြစ်သည်။

mgyoe.com

mgyoe.com


ဘာလီ၊ ဂျုံ၊ ပဲပိစပ်၊ ဟင်းသီးဟင်းရွက်နှင့် လက်ဖက်ပင်များကိုလည်း စိုက်ပျိုးကြသေးသည်။

ပိုးမွေးမြူရေးအတွက် ပိုးစာပင်များ စိုက်ပျိုးကြရသည်။ ဂျပန်များသည် မိမိတို့ အသုံးပြုနေကျ ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်သည့် အလေ့အထ ရှိသည်။ ကုန်ကူးသန်းရောင်းဝယ်ရေးနှင့် မြို့ပြများ တိုးတက်ဖွံ့ဖြိုးလာကြသဖြင့် ကျေးလက်ဒေသတွင် ကံကြွေးချ လယ်ယာစနစ်တိမ်ကော ပပျောက်လာခဲ့သည်။ စားလောက်ရုံ ထုတ်လုပ်မှုစနစ်မှ ဈေးကွက်တင်ပို့ ရောင်းချနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချလာခဲ့ကြသည်။ ဆား၊ ဝါဂွမ်းနှင့် အဝတ်အထည်များကို ဈေးကွက် တည်ထောင်လာနိုင်ခဲ့ကြသည်။ လယ်သမား ၂၀ မှ ၂၅ ရာခိုင်နှုန်းက လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပြိုင်နက်တည်း အခြားထုတ်လုပ်မှု လုပ်ငန်းများကိုပါ လုပ်ဆောင်ကြသည်။

လက်မှုပညာသည်များ၊ လယ်သမားများ၊ ပန်းရံများ၊ ရေစည် ထုတ်လုပ်မှုများ စသည်ဖြင့် အပိုဝင်ငွေ ရအောင် ကြိုးစား၍ အလုပ်လုပ်ပြီး ဝင်ငွေ အပိုရအောင် ရှာကြသည်။

ဂျပန်အမျိုးသမီးများကလည်း ယက်ကန်းယက်ခြင်း၊ ချည်ငင်ခြင်း၊ စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်း၊ မုန့်ပဲသရေစာများ ထုတ်လုပ်ရောင်းချခြင်းနှင့် အခြား အလုပ်မျိုးစုံကို လုပ်၍ အပိုဝင်ငွေ ရှာကြသည်။ ဆောင်းရာသီ ရောက်လျှင် မြို့ပေါ် တက်၍ (ယနေ့တိုင် ဤအလေ့အထမှာ ကျင့်သုံးနေကြဆဲ ဖြစ်ပါသည်။) ဈေးဆိုင်များတွင် အလုပ်ဝင်၍ လုပ်ကြသည်။ (အလုပ်ကို ပြင်းပြင်းထန်ထန် ကြိုးစား၍ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်သော လူမျိုးသာလျှင် ကမ္ဘာပေါ်တွင် ကြီးပွားချမ်းသာလာနိုင်သည်ကို အထူးပင် လေ့လာမှတ်သားထိုက်ပါသည်။ စာရေးသူ)

ဆိုဗီယက် ယူနီယံဟောင်းသည် ကွန်မြူနစ်နိုင်ငံ ဖြစ်သော်လည်း ၁၉၅၇ ခုနှစ်တွင် အရင်းရှင် အမေရိကန်ထက် စော၍ အာကာသထဲ

mgyoe.com

mgyoe.com SAMPLE BOOK

သို့ 'စပွတ်နစ်-၁' ဂြိုဟ်တုကို လွှတ်တင်ကာ ကမ္ဘာကို ပတ်ပြနိုင်ခဲ့သည်။ ထို ဂြိုဟ်တုတွင် ခွေးကလေး တစ်ကောင်ပင် လိုက်ပါသွားခဲ့သည်။

စိတ်ဓာတ် ပြင်းထန်ပြီး မဖြစ်မနေ ကြိုးစားသော လူမျိုးများသာ အောင်မြင်မှု ကြီးကြီးမားမား ရတတ်ကြပြီး ရောင့်ရဲတင်းတိမ်မှု များနေပါက တိုးတက်မှု ရှိနိုင်မည် မဟုတ်ပါ။ ရောင့်ရဲတင်းတိမ်မှု စိတ်ဓာတ်က ဖိစီးနေ၍ အိန္ဒိယနိုင်ငံသားများက ဂျပန်များလောက် မချမ်းသာကြဟု အိန္ဒိယလူမျိုး သုတေသီများက သုတေသနပြုလုပ်၍ တင်ပြခဲ့ဖူးသည်။

## သာဓကတစ်ခု

ဆိုနီကုမ္ပဏီကြီးကို တည်ထောင်သူ မိုရိတမှာ အလွန်အမြော်အမြင်ကြီးပြီး အကွက်မြင်တတ်သူ ဖြစ်သည်။ အနာဂတ်ကို လှမ်းမျှော်ကြည့်ရှုတတ်သူ ဖြစ်သည်။ အမြင်ကျယ်ပြီး ပါးနပ်လိမ္မာသည်။ ပြည်တွင်း ဈေးကွက်၏ သဘာဝ၊ ပြည်ပ ဈေးကွက်၏ သဘာဝတို့ကို ကောင်းစွာ နားလည် သဘောပေါက်ထားပြီး ဈေးကွက်ကို မည်သို့ ထိုးဖောက်ရမည်ကို နောကျေနေသူ ဖြစ်သဖြင့် အီလက်ထရွန်နစ် နည်းပညာလောကတွင် အအောင်မြင်ဆုံးသော လုပ်ငန်းရှင်ကြီး ဖြစ်လာရခြင်း ဖြစ်သည်။ ကျင့်သုံးသော မူဝါဒ မှန်ကန်မှု ရှိမှသာ အောင်မြင်မှုကို မလွဲမသွေ ရနိုင်မည်ဟု သူက ကောင်းစွာ နားလည် သဘောပေါက်ထားသောကြောင့်ပင် ဖြစ်သည်။

ဂျပန်လူမျိုးများသည် အလုပ်လုပ်ရာတွင် ကြိုးစားမှုနှင့် ပင်ပန်းခံနိုင်မှုတို့က အခြားလူမျိုးများထက် သာလွန်သည်။ ကိုရီးယားနှင့် တရုတ်တို့က ဒုတိယ နောက်လိုက်နေသည်ဟု ဆိုနိုင်သည်။ 'အများ ကောင်းစားဖို့ အများက အနစ်နာခံရမယ်၊ အများ ကောင်းစားဖို့ အများ စုပေါင်း ကြိုးစားရမယ်' ဟူသော သဘောတရားမှာ တရုတ်၊ ဂျပန်၊ ကိုရီးယား စသည့် မွန်ဂိုအမျိုးအနွယ်များ၏ သဘာဝ အခြေခံစိတ်ဓာတ် ဖြစ်သည်။

mgyoe.com

mgyoe.com



'ဖွံ့ဖြိုးမှု တံ့ဆိုင်းနေရင် ဒီနိုင်ငံဟာ သာယာအေးချမ်းတဲ့၊ စိတ်ချ လက်ချ နေနိုင်မယ့် အနာဂတ်ဘဝကို ရနိုင်မှာ မဟုတ်' ဟု လိုကာဇုံအို ဆိုသူ ဂျပန်တစ်ဦးက ပြောဖူးသည်။

ဂျပန်နှင့် ကိုရီးယားတို့၏ သဘာဝမှာ အလုပ်ခွင်တွင်သာ စိတ်ကူး အာရုံစိုက်တတ်ခြင်းနှင့် ငွေကို အချည်းနှီး အလဟဿ မဖြုန်းသုံးခြင်းပင် ဖြစ်သည်။ အောင်မြင်မှုတစ်ခု ရရှိနိုင်ရန် အားလုံးက ဝိုင်းဝန်း၍ တက်ညီ လက်ညီ ကြိုးပမ်းတတ်ကြသည်။ မိမိတို့ အလုပ်လုပ်ပေးနေသော ကုမ္ပဏီ ကြီး၏ ကြီးပွားတိုးတက်ခြင်းသည် မိမိတို့အားလုံး၏ ဘဝအတွက် ကြီးပွား တိုးတက်ခြင်း ဖြစ်သည်ဟု ခံယူကာ လူတိုင်းက မခိုမကပ်ဘဲ အလုပ်ကို ပြင်းပြင်းထန်ထန် ကြိုးစား ဆောင်ရွက်လေ့ ရှိကြသည်။

အမေရိကန်များကမူ ထိုသို့ မဟုတ်။ တစ်သီး ပုဂ္ဂလဆန်ဆန်၊ တစ်ကိုယ်ကောင်းဆန်ဆန်သာ အလုပ်ကို လုပ်တတ်ကြပြီး တစ်ဦးချင်း၊ တစ်ယောက်ချင်း၏ အောင်မြင်ထွန်းပေါက် ကျော်ကြားရေးကိုသာ အဓိက အာရုံထား၍ အလုပ်လုပ်ကိုင်လေ့ ရှိကြသည်။

သို့သော် အချိန်ကို လေးစားရာတွင်မူ အမေရိကန်များသည် ဂျပန်၊ တရုတ်၊ ကိုရီးယားတို့နှင့် အတူတူပင် ဖြစ်သည်။ ၎င်းတို့က မိမိတို့ ထုတ် လုပ်လိုက်သော ပစ္စည်းမှန်သမျှသည် ကမ္ဘာသူ ကမ္ဘာသားများအတွက် လက်တွေ့အသုံးကျစေရမည် ဟူသော ဦးတည်ချက် ထားရှိပြီး အလုပ် လုပ်တတ်ကြသဖြင့် ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်လာနိုင်ကြခြင်း လည်း ဖြစ်သည်။

စီးပွားရေးလုပ်ငန်းကြီး တစ်ခုအား တည်ထောင်လိုသူ ဖြစ်ချင်ပါက မိမိတွင် ပင်ကိုအရည်အသွေးများ ရှိရန် အထူးအရေးကြီးကြောင်း ဂျပန် များက ခံယူထားကြသည်။ အခြားသူများ တွေးသည်ထက် မိမိက ပို၍ အကွက်ကျော်ကာ တွေးတောနိုင်စွမ်း ရှိရမည်။ မိမိ၏ ကိုယ်စွမ်းကိုယ်စကို

mgyoe.com

mgyoe.com SAMPLE BOOK

အခါအခွင့်ကြုံသည်နှင့် ပြသနိုင်ရန် အဆင်သင့် လုပ်ထားရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

အရာရာကို စူးစမ်းလေ့လာပြီး နားလည် တတ်ကျွမ်း သိရှိလိုသော ဆန္ဒ ပြင်းပြနေရန်မှာ စီးပွားရေး လုပ်ငန်းရှင်အတွက် အဓိက လိုအပ်သော စိတ်ဓာတ်သဘာဝ ဖြစ်သည်။

မည်သူမျှ စမ်းသပ် ထုတ်လုပ်ခဲ့ခြင်း မရှိသေးသော ကုန်ပစ္စည်း အဆန်းအပြား၊ လူတိုင်းအတွက် အသုံးဝင်ပြီး လူတိုင်း နှစ်သက်စေမည့် ပစ္စည်းများကိုလည်း ကြံစည်တွေးတော ထုတ်လုပ်နိုင်စွမ်း ရှိပါမှ တကယ် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လာပါလိမ့်မည်။

## ဂျပန်နှင့် ကိုရီးယားတို့၏ အောင်မြင်ရေးအဓိကစိတ်ဓာတ်

မိမိ၏ တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်ရာတွင် တိုင်းပြည်၏ အရွယ်အစား အကြီးအငယ်က ပြဿနာ မဟုတ်ကြောင်း၊ တိုင်းပြည်တွင် သယံဇာတ မရှိ၍လည်း မဆင်းရဲနိုင်ကြောင်း၊ အဓိက အချက်မှာ ကုန်ပစ္စည်းကောင်းများကို အမှန်တကယ် ထုတ်လုပ်လိုသည့် ဆန္ဒသာ ပြင်းပြနေရန် လိုကြောင်း ခံယူ တွေးတောတတ်ကြသည်။

## ဂျပန်နှင့် ကိုရီးယားတို့၏ ဈေးကွက် ထိုးဖောက်ရေး နားလည်မှု

မိမိ ထုတ်လုပ်သော ပစ္စည်းသည် မည်မျှပင် ကောင်းမွန် အသုံးဝင်စေကာမူ ဝယ်ယူစားသုံးသူများက ထိုပစ္စည်း၏ ကောင်းမွန်သော အသုံးဝင်သည့် အကြောင်းခြင်းရာများကို မသိရှိကြသေးပါက ရောင်း၍ ရမည် မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိ ထုတ်လုပ်ထားသော ပစ္စည်းများကို ဈေးကွက်ထဲတွင် အောင်မြင်စွာ၊ တွင်ကျယ်စွာ ရောင်းချလိုလျှင် မိမိ၏ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်အတွင်း နေရာယူနိုင်စေရန်အတွက် ဈေးကွက်


mgyoe.com

mgyoe.com

ထဲသို့ ထိုးဖောက် ဝင်ရောက်နိုင်ရန် အစွမ်းကုန် ကြိုးစား ဆောင်ရွက်ရန် လိုအပ်ကြောင်းကို ဂျပန်နှင့် ကိုရီးယား စီးပွားရေး လုပ်ငန်းရှင်များက ကောင်းစွာ နားလည် သဘောပေါက်ခဲ့ကြသည်။

နိုင်ငံခြား ဈေးကွက်များကို ထိုးဖောက် ဝင်ရောက်လိုပါလျှင် ထိုနိုင်ငံများ၏ အခြေအနေနှင့် ဈေးကွက် သဘောသဘာဝကို ပထမဦးစွာ နားလည် သဘောပေါက်အောင် ကြိုးစားရန် လိုပါသည်။ ဈေးကွက် ထိုးဖောက်ခြင်း ဆိုသည်မှာ မိမိ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ထဲတွင် အခြားသူများက ထုတ်လုပ်ရောင်းချနေသည့် အလားတူ ပစ္စည်းများအပေါ်တွင် အသာစီး ရလာအောင် ကြိုးပမ်း လုပ်ဆောင်ခြင်း ဖြစ်သည်။

မိမိ၏ ထုတ်ကုန်ပစ္စည်းများ အရောင်းသွက်လာအောင်၊ တစ်နည်းအားဖြင့် မိမိပစ္စည်းအား စားသုံးသူများ၏ ဝယ်ယူလိုအား များလာအောင် မိမိပစ္စည်းကို စားသုံးသူများ စိတ်ဝင်စားမှု တိုးတက်လာစေရန် ရေဒီယို၊ ရုပ်မြင်သံကြား၊ ဂျာနယ်မဂ္ဂဇင်း၊ သတင်းစာများမှ လူသိများလာအောင် ကြိုးပမ်း တင်ပြ ကြော်ငြာပေးကြရသည်။

ဂျပန်နှင့် ကိုရီးယားလူမျိုးတို့က မိမိတို့၏ အလုပ်သမားများစပ်ကြား စည်းလုံးညီညွတ်မှု ရှိစေရေးကို အထူးဂရုပြု၍ လုပ်ဆောင်ပေးကြသည်။ အလုပ်သမား အားလုံး၏ စုပေါင်း အားထုတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိမှသာ ကုမ္ပဏီ၏ လုပ်ငန်းများ တိုးတက်အောင်မြင်မှု ရှိပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ခိုင်မာစွာ ခံယူထားကြသည်။

ဂျပန်နှင့် ကိုရီးယားလူမျိုးတို့က စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်တွင် လူ့အဖွဲ့အစည်းကို အစွမ်းကုန် ကူညီ ထောက်ပံ့ပေးနိုင်ရမည် ဟူသော တိုင်းပြည်အကျိုးကို လိုလားသည့် စိတ်ဓာတ် ရှိရန် လိုကြောင်း တင်ပြခဲ့ကြသည်။ ထိုကိစ္စကိုပင် အမေရိကန် စီးပွားရေးလောကတွင်

mgyoe.com

mgyoe.com

စီးပွားရေးသမားများ၏ ကျင့်ဝတ်သိက္ခာ *(business ethics)* ၏ တစ်စိတ် တစ်ပိုင်း ဖြစ်သည်ဟု ခေါ်ဆိုလေ့ရှိကြသည်။

တန်ဖိုး ဆိုသည်မှာ လူပုဂ္ဂိုလ်တိုင်း၊ အရာဝတ္ထုတိုင်းတွင် အသီးသီး ရှိနေကြသည်။ အရေးကြီးသည်မှာ ထိုတန်ဖိုးကို ရှာဖွေဖော်ထုတ်ပြီး အသုံး ချတတ်ရန်သာ လိုအပ်သည်ဟု ဂျပန် ထိပ်သီး စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးက ထုတ်ဖော် ပြောကြားခဲ့ဖူးသည်။ ထိုအယူအဆများကြောင့် ဂျပန် တို့သည် ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော စီးပွားရေး လုပ်ငန်းကြီး များကို တည်ထောင်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

ပထဝီ အနေအထား နီးကပ်မှုကြောင့် လူများ၏ တွေးခေါ် ယူဆပုံ ဘဝခံယူချက် အမြင်သဘောများ နီးစပ်လျက် ရှိသည်ဟု ယူဆနိုင်ပြီး တိုးတက်မှု အခြေခံ တူညီနေတတ်သည်။ တရုတ်၊ ဂျပန်နှင့် ကိုရီးယား လူမျိုးများသည် ကြီးပွားချင်သည့် အခြေခံစိတ်ဓာတ်မှာ အတူတူပင် ဖြစ် သည်။ မိမိတို့အလုပ်သမားများ၏ စားဝတ်နေရေးအတွက် အထူး သောက ထားကြသည်။ စီးပွားရေး ကျဆင်းကျပ်တည်းချိန်မှာပင် အလုပ် ထုတ်ပစ် သည် ဟူ၍ မရှိဘဲ လစာ အပြည့်ဖြင့် နေ့ဝက်သာ အလုပ်ဆင်းစေခဲ့ သည်။ ကုန်ပစ္စည်းများများ ထုတ်လုပ်နိုင်ပါမှ ကမ္ဘာသူ ကမ္ဘာသားများ ပေါ်ပေါ်များများ သုံးစွဲ၍ လူ့လောကကြီး သာယာဝပြောလာလိမ့်မည်ဟု ခံယူထားတတ်ကြသည်။

အလုပ်သမားများကလည်း မိမိတို့သည် မိမိတို့အလုပ်ရှင် တစ်ဦး တည်း ကြီးပွားချမ်းသာလာစေရန် အလုပ်လုပ်နေကြခြင်း မဟုတ်ဘဲ ကမ္ဘာ့ လူ့အဖွဲ့အစည်းကြီး တစ်ခုလုံး၏ အကျိုးအတွက် သယ်ပိုးလုပ်ကိုင် ဆောင် ရွက်နေကြခြင်း ဖြစ်သည်၊ မြင့်မြတ်သော လုပ်ငန်း ဖြစ်သည်ဟု ခံယူ သဘောပေါက်ထားကြသည်။

မိမိတို့တစ်စု၏ လူနေမှု အဆင့်အတန်း မြင့်မားရေးအတွက်သာ ကွက်၍ အလုပ်လုပ်နေကြခြင်း မဟုတ်ဘဲ လူသား အားလုံး၏ လူနေမှု

mgyoe.com

mgyoe.com

အဆင့်အတန်း မြင့်မားလာစေရန် အလုပ်လုပ်နေကြခြင်း ဖြစ်သည်ဟု ခံယူထားကြသည်။

## ဂျပန်ပုံစံ စီမံခန့်ခွဲမှု

ဂျပန်နိုင်ငံရှိ လုပ်ငန်းများတွင် အလုပ်ရှင်နှင့် အလုပ်သမား၊ အထက်နှင့် အောက် စသည်ဖြင့် ခွဲခြားမှု မရှိဘဲ လုပ်ငန်းမှန်သမျှကို ပူးပေါင်းတိုင်ပင် ဆောင်ရွက် လုပ်ကိုင်လေ့ရှိကြသည်။

လုပ်ငန်းတစ်ခုလုံး၏အခြေအနေနှင့် လုပ်ငန်းကိုင်ငန်းများကို ကုမ္ပဏီလူကြီးများက ဝန်ထမ်းများအား ရှင်းပြ၍ အခြေအနေမှန်ကို နားလည်အောင် အမြဲကြိုးပမ်းကြလေ့ ရှိကြသည်။ အလုပ်သမားနှင့် ရုံးဝန်ထမ်းများမှာ မန်နေဂျာများနှင့် နှစ်ကိုယ့်တစ်စိတ် ဆိုသကဲ့သို့ ပေါင်းစပ်မှု ရှိနေပြီး မိမိတို့၏လုပ်ငန်း တိုးတက်ရာ တိုးတက်ကြောင်းအတွက် အပင်




mgyoe.com

mgyoe.com

ပန်း အဆင်းရဲ အနစ်နာခံကြရန် ဝန်မလေးကြဘဲ အမြဲတမ်း အဆင်သင့် ဖြစ်နေတတ်ကြသည်။

ဝန်ထမ်းတစ်ဦး၏ အားနည်းချက်ကို အခြားဝန်ထမ်း၏ အားသာချက်ဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ကြသည်။ မန်နေဂျာ၏ အားနည်းချက်ကို ဝန်ထမ်းများ၏ အားသာချက်များဖြင့် ပံ့ပိုး ကူညီ ကျားကန် ထောက်မ ပေးကြသည်။ ပညာအရည်အချင်း နိမ့်ကျမှုအပေါ် ချိုးနှိမ် ဖိနှိပ်ခြင်း အလေ့အထ မရှိဘဲ တန်းတူရည်တူ ရဲဘော်စိတ် အပြည့်အဝဖြင့် အလုပ် လုပ်ကြရသည်။

မိမိတို့၏ အားနည်းချက်၊ အားသာချက်များကို အမြဲဝေဖန်ပိုင်းခြား ဆန်းစစ် လေ့လာကာ အမှားကို ရှာယူ၊ အမှန်ကို ပြုပြင်ယူကြသည်။ အားနည်းချက်ကို ဖယ်ရှား၍ အားသာချက်ဖြင့် အစားထိုးယူလေ့ရှိကြ သည်။ ထို့ကြောင့် ဂျပန်လုပ်ငန်းများက အရည်အသွေးတွင် ပထမတန်း စား ကုန်စည်များကို ထုတ်လုပ်ပေးနိုင်ကြခြင်း ဖြစ်သည်။

## တရုတ်စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏သဘာဝ

တရုတ်လူမျိုး စီးပွားရေး လုပ်ငန်းရှင်များက မိမိတို့၏ လက်အောက် ငယ်သား အမှုထမ်းများကို မိမိတို့အပေါ် သစ္စာစောင့်သိမှု၊ ၎င်းတို့အပေါ် ယုံကြည်စိတ်ချစွာ တာဝန်လွှဲပေးပြီး စေခိုင်းနိုင်မှု အရည်အချင်းများကို အထူးတလည် အမြတ်တနိုး တန်ဖိုးထားတတ်ကြပါသည်။

ဟောင်ကောင်ကဲ့သို့သော နေရာရှိ တရုတ်စီးပွားရေး လုပ်ငန်းရှင်ကြီး များက လူတော်လူကောင်း တပည့်များကို ရွေးချယ်ရာတွင် ကျွမ်းကျင် ပိုင်နိုင်သည်။ လူရွေးတတ်ကြသည်။ ထို့နောက် ၎င်းတို့အမှုထမ်းများ၏ လိုအပ်ချက်များ၊ ပြဿနာများကိုလည်း အာရုံစိုက်၍ ကူညီပံ့ပိုး ဖြေရှင်း ပေးလေ့ ရှိကြသဖြင့် ဝန်ထမ်းများက ၎င်းတို့အပေါ် ပို၍ ယုံကြည် အား ကိုးကာ သစ္စာရှိလာတတ်ကြသည်။


mgyoe.com

mgyoe.com



သူတို့က ထူးခြားသော အရည်အချင်း ရှိသူများကိုသာ ရွေးချယ် ခန့်အပ်၍ လုပ်ငန်း လုပ်ကိုင်စေသဖြင့် သူတို့၏ စီးပွားရေးလုပ်ငန်းများ က ထူးထူးခြားခြား အောင်မြင်လာကြခြင်း ဖြစ်သည်။

လုပ်ငန်းခွင်တွင် ဝန်ထမ်းများ သက်သောင့်သက်သာ ရှိအောင်၊ ပျော်ရွှင်စွာ အလုပ်လုပ်နိုင်အောင် ဖန်တီးပေးလေ့ရှိကြသည်။ အလုပ်သမားများ စိတ်ပျော်ရွှင်မှု ရှိမှ အလုပ်များ တွင်ကျယ် အောင်မြင် တိုးတက်လာမည်ကို ထိုလုပ်ငန်းရှင်များက ကောင်းကောင်း နားလည်ထားသောကြောင့် ဖြစ်သည်။ အလုပ်သမားများ ကြိုးစားလျှင် ကြိုးစားသလောက်၊ အောင်မြင်လျှင် အောင်မြင်သလောက် ဆုချီးမြှင့်၍ ဂုဏ်ပြုပေးတတ်ကြသည်။ ဤနည်းဖြင့် တရုတ်လုပ်ငန်းရှင်ကြီးများက မိမိတို့ အလုပ်သမားများ၏ သစ္စာစောင့်သိ ရိုသေမှုကို အပြည့်အဝ ရယူလာနိုင်ခဲ့ကြသည်။



mgyoe.com

mgyoe.com


စိတ်အားထက်သန်ခြင်း၊ စိတ်ကူးဉာဏ် ကောင်းမွန်ခြင်း၊ ဆန်းသစ်တီထွင်ဉာဏ် ရှိခြင်းတို့က ဂျပန်နှင့် ကိုရီးယား၊ တရုတ်တို့ကို အာရှ၏ စီးပွားရေး ကျားကြီးများ ဖြစ်လာစေခဲ့ပါသည်။

ဟောင်ကောင် စီးပွားရေးသမားများက မိမိတို့ ထုတ်လုပ်သော ကုန်စည်များကို ဈေးကွက်ထဲတွင် သူတစ်ပါးတို့ ထုတ်လုပ်ရောင်းချနေသော ကုန်ပစ္စည်းများနှင့် မတူအောင်၊ ထူးခြား သိသာ မြင်သာအောင်၊ ပေါ်လွင်မှု ရှိစေရန် တစ်မျိုးတစ်ဖုံ တီထွင်၍ ဈေးကွက်တင်ပြီး ရောင်းချတတ်ကြသည်။ နောက်ပိုင်းအခန်းများတွင် ဖော်ပြမည့် ၎င်းတို့ စီးပွားရေး တိုးတက်မှု ဖြစ်စဉ်များနှင့် ယှဉ်တွဲ လေ့လာရန် ဖြစ်ပါသည်။

ကုန်စည်များကို ဈေးကွက်သို့ တင်ပို့ရာတွင် ဝယ်ယူလိုသူများအား ရှင်းလင်းပြောပြကာ နားလည်အောင် လုပ်ပေးဖို့ လိုပေသည်။ သို့အတွက် ယင်းသို့ နားလည်အောင် ရှင်းလင်း ပြောပြရာတွင် ကျွမ်းကျင်သည့် လက်လီအရောင်းသမားများကို အထူးသင်တန်းများပေးကာ လေ့ကျင့်သင်ကြား မွေးထုတ်ပေးကြသည်။ ပြီးမှ ၎င်းတို့က စနစ်တကျနှင့် ရောင်းမလောက်နိုင်အောင် ထိထိရောက်ရောက် ဖြန့်ချိပေးခဲ့ကြသည်။

'လုံ့လဝီရိယ ရှိခြင်းဖြင့် ဆင်းရဲခြင်းကို ကျော်လွှားနိုင်သည်' ဟူသော စိတ်ဓာတ်မှာ ဂျပန်နှင့် တရုတ်တို့၏ ပင်ကိုခံယူချက်ပင် ဖြစ်သည်။ 'ကိုယ့်ဘဝကို ကျေနပ်ရောင့်ရဲနေသူသည် မည်သည့်အခါမျှ ထိပ်ဆုံးကို မရောက်နိုင်ပါ။ အမြင့်ဆုံးသော အောင်မြင်မှုကို ရယူလိုသူသည် မိမိလုပ်ငန်းနှင့် ပတ်သက်၍ အမြဲတမ်း လက်ရှိခြေအနေထက် ပို၍ ကောင်းလာစေရန် စူးစမ်းရှာဖွေ နည်းလမ်းသစ်တွေ ထွင်ပြီး ကြိုးပမ်းနေရန် လိုသည်'ဟု စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်နေစိတ်ထားနှင့် နေပုံထိုင်ပုံကို လေ့လာသူများက သုံးသပ်ခဲ့ကြဖူးသည်။

ထိပ်တန်းစီးပွားရေးသမားကြီးများသည် မိမိတို့၏ဝန်ထမ်းများအား ဆုံးမ ဩဝါဒပေးရာတွင် 'ဝယ်သူအတွက် အကျိုးရှိအောင် ဝန်ဆောင်မှု

mgyoe.com

mgyoe.com


များများ ပေးကြပါ' ဟူ၍သာ ထပ်တလဲလဲ သတိပေးနေတတ်ကြသည်။ ဥပမာ- မော်တော်ကား၊ ရုပ်မြင်သံကြားများကို ရောင်းပြီးနောက် *Warranty Card* ထုတ်ပေးခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ သတ်မှတ်ထားသော ကာလအတွင်း တစ်စုံတစ်ရာ ပျက်စီးချို့ယွင်းမှု ရှိလာပါက အခမဲ့ ပြုပြင် တပ်ဆင်ပေးနိုင်ရန်အတွက် နောက်ဆက်တွဲ ဝန်ဆောင်မှုကို ပေးခြင်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း ဝယ်ယူသူ အများစုက နှစ်နှစ် သုံးနှစ်၊ ငါးနှစ် စသည်ဖြင့် *Warranty Card* ထုတ်ပေးသူ၊ ထုတ်လုပ်သူများထံမှသာလျှင် ယုံယုံကြည်ကြည် စိတ်ချလက်ချ ဝယ်ယူ အားပေးကြခြင်း ဖြစ်သည်။

ဤသည်မှာ ဂျပန်၊ တရုတ်နှင့် တောင်ကိုးရီးယားတို့ထံမှနေ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်မှုပေးသော အတတ်ပညာကို ပဏာမ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)
# ဂျပန်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစပျိုးလာခြင်း

## နောက်ခံသမိုင်းအကျဉ်း

၁၈၅၀ ပြည့်နှစ်များက ကံကြွေးချစနစ်ဖြင့် လယ်ယာစိုက်ပျိုးရေးနိုင်ငံ ဖြစ်သော ဂျပန်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်များတွင် ကမ္ဘာပေါ်၌ အမျိုးသား ထုတ်လုပ်မှု ပမာဏ ဒုတိယ အများဆုံးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခြင်းမှာ တစ်မျိုးသားလုံးက ဇွဲမာန်အပြည့်ဖြင့် အားကြိုးမာန်တက် လက်တွဲ လုပ်ဆောင်နိုင်ခဲ့သည့် စုပေါင်းအားထုတ်မှု *(synergy)* ကြောင့်သာ ဖြစ်ကြောင်း သုတေသီများက တွေ့ရှိလေ့လာခဲ့ကြရပါသည်။

၁၈၆၈ ခုနှစ် 'မေဂျီ' ခေတ်တွင် တစ်မျိုးသားလုံး၏ တက်ညီလက်ညီ စုပေါင်းစွမ်းအားကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြန်ဆန်လာခဲ့သည်။ ထိုစဉ်က ဂျပန်တစ်ဦး၏ ထုတ်လုပ်မှုတန်ဖိုးမှာ အနောက်နိုင်ငံများနှင့် နှိုင်းစာပါက ငါးပုံတစ်ပုံ သို့မဟုတ် လေးပုံတစ်ပုံခန့်သာ ရှိခဲ့ကြရာမှ ယခုအခါ အနောက်ဥရောပနိုင်ငံများနှင့် တန်းတူရည်တူ ထုတ်လုပ်နိုင်ကြပြီ ဖြစ်ပါသည်။ ဂျပန်၏ စီးပွားရေး တစိုက်မတ်မတ် တိုးတက်လာခဲ့သည်မှာ အနှစ် ၁၀၀ နီးပါး ရှိနေပါပြီ။

mgyoe.com

mgyoe.com


(က) ဂျပန်ဗဟိုဘဏ်ကသာ တစ်ဦးတည်း ငွေစက္ကူများကို ထုတ်ဝေခွင့် ရှိသည့် အမျိုးသား ငွေကြေးစနစ်ကို တည်ထောင်နိုင်ခဲ့ကြသည်။

(ခ) မြေခွန်ကို အခြေခံသည့် အခွန်စနစ်ကို တည်ထောင်ခဲ့သည်။

(ဂ) အခြေခံ အဆောက်အအုံများ ဖြစ်ကြသည့် မီးရထားလမ်း၊ ကားလမ်းများကို အဆင့်မြှင့်၍ တိုးချဲ့ တည်ဆောက်ကာ သင်္ဘောများကိုလည်း အများအပြား တည်ဆောက်နိုင်ခဲ့သည်။ (သင်္ဘောများ တည်ဆောက်နိုင်ခဲ့၍ နိုင်ငံတကာနှင့် ကုန်သွယ်မှုကို များစွာအထောက်အကူ ဖြစ်စေခဲ့သည်။)

(ဃ) စာတိုက်နှင့် ကြေးနန်းဝန်ဆောင်မှုများကို တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်ချထားပေးနိုင်ခဲ့သည်။

(င) ရှယ်ယာများ ထည့်ဝင်၍ ကော်ပိုရေးရှင်းကြီးများကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ကြသည်။

(စ) အစိုးရပိုင် စက်ရုံများအတွက် လိုအပ်သော နိုင်ငံခြားလုပ် စက်ပစ္စည်း ကိရိယာများနှင့် အင်ဂျင်နီယာများကို ပြည်တွင်းသို့ ဝယ်ယူ တင်သွင်း ငှားရမ်းနိုင်ခဲ့ကြသည်။

ပထမ ကမ္ဘာစစ်ကြီး ဖြစ်ချိန်တွင် ဂျပန်နိုင်ငံ၌ စက်မှုထွန်းကားလာစေရန် ခိုင်မာသော အခြေခံကောင်းများကို ပြည့်ပြည့်ဝဝ ရရှိထားပြီးဖြစ်ပေသည်။ ထို့ပြင် နိုင်ငံခြားမှ နည်းပညာရပ်များကို ပေါ်သမျှ တိုး၍တိုး၍ ဝယ်ယူအသုံးပြုကာ နမူနာယူနိုင်ခဲ့ကြပါသည်။

ဝါဂွမ်းအထည် ရက်လုပ်မှု နည်းပညာ တစ်ဟုန်ထိုး တိုးတက်လာပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနည်းပညာနှင့် လျှပ်စစ်ဓာတ်ကို ကျယ်ပြန့်စွာ ထုတ်လုပ်ပြီး စက်မှုလုပ်ငန်းများကို လှုပ်ရှား လည်ပတ်စေနိုင်ခဲ့ကြပါသည်။

mgyoe.com

mgyoe.com

ပုဂ္ဂလိက ငွေကြေးနှင့် အရင်းအနှီး စုဆောင်းမှုများကလည်း ထို ကာလများအတွင်း များစွာ ကြီးမား တိုးတက်လာခဲ့သည်ကို လေ့လာ တွေ့ရှိကြရပါသည်။

သို့ရာတွင် တိုးတက်လာသော လူဦးရေကို ကျွေးမွေးနိုင်ရန် ရိက္ခာ ထုတ်လုပ်ရေးအတွက် စိုက်ပျိုးရေး လုပ်ငန်းများမှာ ဆက်လက်၍ အရေးပါ သော ကဏ္ဍအဖြစ် ရပ်တည်နေခဲ့သည်။ ဂျပန်မြို့ရွာများ ကြီးမားဖွံ့ဖြိုး လာပြီး ဂျပန်အစိုးရက မြေခွန်များကို တိုးတက် ကောက်ခံ ရရှိခဲ့ကြသည်။

၁၈၉၄-၉၅ တရုတ်-ဂျပန်စစ်ပွဲနှင့် ၁၉၀၄-၀၅ ရုရှား-ဂျပန် စစ်ပွဲများ ကြောင့် စစ်နိုင်သော်လည်း အမျိုးသား ဘဏ္ဍာရေးကို ထိခိုက်စေခဲ့သည်။

ပထမကမ္ဘာစစ်ကြီးက ဂျပန်နိုင်ငံ၏ စီးပွားရေးကြီးကို အသွင်ပြောင်း လဲစေခဲ့သည်။ စက်မှုလုပ်ငန်းများမှ ထုတ်ကုန်များ ငါးဆအထိ တိုးတက် လာခဲ့ပြီး နိုင်ငံခြားသို့ ကုန်စည်တင်ပို့မှုများ တစ်ဟုန်ထိုး မြင့်တက်လာခဲ့ သည်။ ၁၉၂၀ ပြည့်နှစ် ရောက်သောအခါ ဂျပန်နိုင်ငံသည် မြီရှင်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာခဲ့ရသည်။

သို့ရာတွင် ၁၉၃၀ ပြည့်နှစ်သို့ ရောက်လာသောအခါ ကမ္ဘာ့စီးပွားရေး ကပ်ပျက်ကြီးကို ဂျပန်နိုင်ငံ တွေ့ကြုံ ရင်ဆိုင်လိုက်ရသည်။ ထိုအခါ စက်မှုကုန်ထုတ်လုပ်ငန်းများ လျော့နည်းကျဆင်းလာခဲ့သဖြင့် ဂျပန်လူမျိုး အတော်များများမှာ ကျေးလက်ဒေသများသို့ ပြန်လည်သွားရောက် နေထိုင် ကြပြီး လယ်ယာလုပ်ငန်းများဖြင့် ပြန်လည်အသက်မွေးဝမ်းကျောင်းပြုနေခဲ့ ကြသည်။ သို့ရာတွင် အခြားသောနိုင်ငံများနှင့် နှိုင်းစာပါက ဂျပန်နိုင်ငံ၏ စီးပွားရေး အခြေအနေမှာ လျင်မြန်စွာပင် တိုးတက်နေဆဲဟု ဆိုနိုင်သည်။

ဂျပန်၏ ကိုလိုနီများ ဖြစ်ကြသော ဖော်မိုဆာကျွန်းနှင့် ကိုရီးယားတို့မှ ဂျပန်က စားနပ်ရိက္ခာများ တင်သွင်းခဲ့ရသည်။ ဆိုလိုသည်မှာ စိုက်ပျိုးရေး လုပ်ငန်းများ ဂျပန်ပြည်တွင် ကျဆင်းလာခဲ့ရခြင်း ဖြစ်သည်။ ထိုအချိန် တွင် အမေရိကန်နိုင်ငံ၌ စီးပွားရေး ကျပ်တည်းမှုများ ဖြစ်ပေါ်နေခဲ့သည်။

mgyoe.com

mgyoe.com


၁၉၃၀ ပြည့်နှစ်များတွင် ဂျပန်က ပိုးချည် ကုန်ကြမ်းများ ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေ ရှာဖွေရေး လုပ်ငန်းများမှာ ရပ်ဆိုင်းသွားသည်။ ၁၉၂၀ ပြည့်နှစ်များအတွင်းက စက်မှုလုပ်ငန်းများမှ ရရှိသော ဝင်ငွေ ပမာဏမှာ စိုက်ပျိုးရေး လုပ်ငန်းများမှ ရရှိသော ဝင်ငွေ ပမာဏထက် များစွာ ပိုမိုခဲ့ပါသည်။ ၁၉၃၆ ခုနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းများမှ ရရှိသော ဝင်ငွေမှာ အမျိုးသားဝင်ငွေ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းထက်ပင် လျော့နည်းနေပါသေးသည်။

၁၉၃၀ ပြည့်နှစ်များတွင် အပေါ့စား စက်မှုလုပ်ငန်း၏ ထွက်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချမှု များစွာ တိုးတက် များပြားလာခဲ့သည်။ အထူးသဖြင့် ပိုးနှင့် ချည်မျှင်များ ဖြစ်ကြပါသည်။ နိုင်ငံခြား တင်ပို့မှု တိုးတက်ခဲ့သော်လည်း ခြုံ၍လေ့လာကြည့်မည် ဆိုလျှင် အပေါ့စားစက်မှုလုပ်ငန်းများ၏ စုစုပေါင်း ထုတ်လုပ်မှု ပမာဏသည် ၈၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။

အကြီးစားနှင့် ဓာတုဗေဒစက်မှုလုပ်ငန်းများ လျင်မြန်စွာ တိုးတက်ကြီးထွားလာခဲ့သည်။ ၁၉၃၀ ပြည့်နှစ် နှောင်းပိုင်းတွင် ဂျပန်နိုင်ငံ၏ အကြီးစား စက်မှုလုပ်ငန်းမှာ အဖွံ့ဖြိုးဆုံး အခြေအနေသို့ ဆိုက်ရောက်နေခဲ့ပြီးဖြစ်သည်။

စစ်ကာလအတွင်း ဇိုင်ဘတ်ဆု (သူကြွယ်မိသားစုများ ထိမ်းမြားလက်ထပ်ခြင်းဖြင့် စုရုံးပေါင်းစည်းထားကြပြီး အရေးကြီးသော စီးပွားရေးလုပ်ငန်းကြီးများကို လက်ဝါးကြီးအုပ်ကာ ချုပ်ကိုင်ထားကြသူ) များက မစ်ဆုအိ၊ မစ်ဆုဘီရှိ စသည့် ကုမ္ပဏီကြီးများကို ထူထောင် လွှမ်းမိုးထားကြပြီး ဩဇာအာဏာ အရှိန်အဝါ များစွာ တိုးတက်လာခဲ့ကြသည်။ သူတို့က စီးပွားရေးလုပ်ငန်း မျိုးစုံအပေါ် ချုပ်ကိုင်လွှမ်းထားနိုင်သည့် အခြေအနေမျိုးကို ဆိုက်ရောက်လာခဲ့ကြသည်။ ဂျပန်စစ်ဘက်မှ ဇိုင်ဘတ်ဆုများကို အသုံးချ၍ လက်နက် တည်ဆောက်မှုများကို ပြုလုပ်ခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်၏ ပစိဖိတ်စစ်ပွဲများတွင် နိုင်ငံ၏ စီးပွားရေးကဏ္ဍ အားလုံးကို စစ်ပွဲအတွက် ထိန်းချုပ်ပြီး အသုံးပြုခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက်ပိုင်း ဂျပန်နိုင်ငံမှာ ပြာပုံဘဝသို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ဝင်ရောက် သိမ်းပိုက်ခဲ့သော အမေရိကန် အနေဖြင့် ဂျပန်နိုင်ငံအား လက်နက် ဖြုတ်သိမ်းရန် လွယ်ကူစေခဲ့သည်။ အမေရိကန်များက ဂျပန်မြေယာစနစ်ကို ပြုပြင် ပြောင်းလဲပေးခဲ့ကြ သည်။ ဇိုင်ဘတ်ဆုများကို ဖျက်သိမ်းပစ်ခဲ့သည်။ ထို့နောက် အလုပ်သမား အစည်းအရုံးများကို ထူထောင်ပေးခဲ့သည်။

ဂျပန်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုံးဝ ပျက်စီးခဲ့ရပြီ ဖြစ်သဖြင့် ဂျပန်များ အငတ်ဘေးနှင့် ရင်ဆိုင်တိုးခဲ့ကြရသည်။ ထို့ကြောင့် ဂျပန်အများစုမှာ ကျေးလက်ဒေသများသို့ ပြန်သွားကြပြီး လယ်ယာစိုက်ပျိုး ရေး လုပ်ငန်းများဖြင့် ပြန်လည် အသက်မွေးဝမ်းကျောင်း ပြုနေခဲ့ကြ သည်။ ဂျပန်များသည် မိမိတို့၏ ပြန်လည် ထူထောင်ရေးကို မိမိတို့၏ ကြိုးပမ်း အားထုတ်မှုဖြင့်သာ ပြုလုပ်ကြရမည်ဟု အမေရိကန်များက ပြော ဆိုလာကြသည်။

စစ်အေးတိုက်ပွဲ (ရုရှား-အမေရိကန် ဝါဒရေးရာတိုက်ပွဲကာလ) စတင် လာချိန်တွင် အမေရိကန်အစိုးရ၏ မူဝါဒ သဘောထားမှာ ဂျပန်တို့အပေါ် ပြောင်းလဲလာခဲ့သည်။ အမေရိကန်က ရုတ်ခြည်း ဆိုသကဲ့သို့ ဂျပန်အား လွတ်လပ်သော ကမ္ဘာမှ မဟာမိတ်အဖြစ် ရပ်တည်စေလိုခဲ့သည်။ ထို့ နောက် မကြာမီ ၁၉၅၀ ပြည့်နှစ်တွင် ကိုရီးယားစစ်ပွဲ စတင် ဖြစ်ပွားလာ ခဲ့သည်။ (ဆိုဗီယက်က မြှောက်ပေးသဖြင့် မြောက်ကိုရီးယားက တောင် ကိုရီးယားနိုင်ငံ၏ ၃၈ ဒီဂရီ လတ္တီတွဒ် မျဉ်းကြောင်းကို ဖြတ်ကျော်ကာ ကျူးကျော် တိုက်ခိုက်လာခဲ့ကြသည်။)

ထိုအခါ ကိုရီးယားစစ်ပွဲတွင် ပါဝင်တိုက်ခိုက်လျက်ရှိသော အမေ ရိကန် တပ်ဖွဲ့များကို ထောက်ပံ့ရန်အတွက် ထောက်ပံ့ရေး ပစ္စည်းများကို

mgyoe.com

mgyoe.com 

ဂျပန်က ထုတ်လုပ်ပေးရသဖြင့် ဂျပန်၏ စီးပွားရေးမှာ တစ်မုဟုတ်ချင်း တိုးတက် ထွန်းကားလာခဲ့တော့သည်။ စက်ရုံ အလုပ်ရုံများ တည်ဆောက်ကာ ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်စတင်၍ ပြုလုပ်ခဲ့ကြသည်။

အမေရိကန်၏ စစ်အသုံးစရိတ်များကြောင့် ဂျပန်နိုင်ငံတွင် နိုင်ငံခြားငွေ စုစည်း ရရှိမှု များပြားလာခဲ့ပြီး ဂျပန်နိုင်ငံက ပြည်ပမှ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန်နှင့် နောက်ထပ် စက်မှုလုပ်ငန်းများ ချဲ့ထွင် လုပ်ကိုင်နိုင်ရန် ငွေအရင်းအနှီးများကို စုဆောင်း ရရှိလာခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ဂျပန်နိုင်ငံ လွတ်လပ်ရေး ပြန်လည် ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ် ကမ္ဘာ့ရေနံ အကျပ်အတည်း ပေါ်ပေါက်လာခဲ့သည့်ကာလအထိ ၁၉၅၂ ခုနှစ်မှ စ၍ အမျိုးသား ကုန်ထုတ်လုပ်မှုများမှာ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ တိုးတက်လာခဲ့သည်။ ပျှမ်းမျှခြင်းအားဖြင့် တစ်နှစ်လျှင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၁၀ ရာခိုင်နှုန်း ရှိသည်။

၁၉၆၈ ခုနှစ်တွင် လွတ်လပ်သော စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြသည့် နိုင်ငံများအနက် ဒုတိယမြောက် စီးပွားရေးအင်အား အကြီးမားဆုံးနိုင်ငံဘဝသို့ ရောက်ရှိလာခဲ့သည်။ ထိပ်ဆုံးနိုင်ငံမှာ အမေရိကန်ဖြစ်သည်။

၁၉၇၃ ခုနှစ်မှ စတင်၍ ဂျပန်၏ စဉ်ဆက်မပြတ် စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုမှာ စတင် နှေးကွေး ကျဆင်းလာခဲ့သည်။ ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်း အားလုံးက ပြည်ပမှ တင်သွင်း ဝယ်ယူရသော ရေနံလောင်စာ စွမ်းအင်များအပေါ် လုံးဝ မှီခိုနေရသောကြောင့်ပင် ဖြစ်သည်။ ဂျပန်က ပြည်ပသို့ ငွေပေးချေရန် ပမာဏမှာ အကြီးအကျယ် တိုးတက်လာခဲ့သည်။ သို့ရာတွင် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ဂျပန်နိုင်ငံက စီးပွားရေး အကျပ်အတည်းမှ ပိုမို၍ လျင်မြန်စွာ ရုန်းထွက်လာနိုင်သည်ကို တွေ့ရသည်။

၁၉၇၈ ခုနှစ်တွင် အီရန်နိုင်ငံ၌ တော်လှန်ရေးကြီးတစ်ရပ် ဖြစ်ပေါ်လာသောအခါ ရေနံဈေးနှုန်း ထပ်မံ တက်လာပြန်သဖြင့် ဂျပန်နိုင်ငံက

mgyoe.com

mgyoe.com
SAMPLE BOOK

ထပ်မံ အထိနာခဲ့ရပြန်သည်။ ဂျပန်က နှစ်စဉ် စီးပွားရေး တိုးတက်မှုနှုန်း ၄ မှ ၅ ရာခိုင်နှုန်းတွင် တည်ငြိမ်စေရန် ကြိုးပမ်းနေခဲ့ကြသည်။

ဂျပန်နိုင်ငံတွင် အရှေ့ဘက်နှင့် အနောက်ဘက်တို့ကို ဆက်သွယ်ပေးသော သယ်ယူ ပို့ဆောင်ရေးစနစ် ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ကုန်သွယ်မှု လုပ်ငန်းက အရှိန်အဟုန်နှင့် တိုးတက်လာခဲ့သည်။ မြစ်များပေါ်တွင် တံတားများ ဆောက်လုပ်ပြီး ကမ်းရိုးတန်းသွား သင်္ဘောများ ပေါ်ပေါက်လာသောအခါ ကုန်သွယ်မှု လုပ်ငန်းမှာ ပို၍ အရှိန်ကောင်းလာခဲ့သည်။ ယခင်က တံခါးပိတ်ဝါဒကြောင့် သင်္ဘောများကိုပင် ကြီးကြီးမားမား ဆောက်လုပ်ခွင့် မရှိသကဲ့သို့ မြစ်များကို ဖြတ်၍ တံတား ဆောက်လုပ်ခွင့်လည်း မရရှိခဲ့ကြပါ။

မြို့ရွာများ ဖွံ့ဖြိုးလာပြီး ကူးသန်းရောင်းဝယ်ရေး တိုးတက်လာသောအခါ အလုပ်သမားများက မိမိတို့ ကျွမ်းကျင်ရာအလိုက် လုပ်ငန်းများကို ခွဲခြားပြီး လုပ်ကိုင်လာခဲ့ကြသည်။ ထိုအခါ ပညာရေးကလည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။ ၁၈၆၈ ခုနှစ်တွင် အမျိုးသားလူဦးရေ ၄၃ ရာခိုင်နှုန်းက စာရေးစာဖတ်တတ်နေကြပြီး အမျိုးသမီး ၁၀ ရာခိုင်နှုန်းကသာ စာရေးစာဖတ်တတ်ခဲ့ကြပါသည်။ ၁၈၇၅ ခုနှစ်သို့ ရောက်ရှိလာသောအခါတွင်မူ အမျိုးသား လူဦးရေ ၅၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး လူဦးရေ ၁၉ ရာခိုင်နှုန်းတို့မှာ မူလတန်း ပညာကို ပြီးဆုံးအောင် သင်ကြားတတ်မြောက်ခဲ့ကြပြီး ဖြစ်နေသည်။

၁၈၃၇ ခုနှစ်က အင်္ဂလန်နိုင်ငံတွင် လူ ငါးဦးတွင်တွင် တစ်ဦးမှာ ကျောင်းတက်နိုင်ခဲ့ကြသည်။ ကိုယ်ကျင့်တရားဆိုင်ရာ သွန်သင်ချက်နှင့် ကွန်ဖြူးရှပ် ဝါဒကြောင့် ပညာ သင်ကြားလိုစိတ် ဂျပန်တို့ထံတွင် ပြင်းပြလာခဲ့ကြသည်။ အီဒိုခေတ်တွင် မှူးမတ် အရာရှိများသည် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် အနောက်နိုင်ငံ ယဉ်ကျေးမှုကို နားလည်နိုင်စွမ်း ရှိနေခဲ့ကြသည်။ ဂျပန်နိုင်ငံအတွင်း ငွေကြေး လည်ပတ် သုံးစွဲမှု

mgyoe.com

mgyoe.com


ပမာဏမှာလည်း သိသိသာသာ တိုးတက်လာခဲ့ကြောင်း လေ့လာ တွေ့ရှိရသည်။

အမေရိကန် ရေကြောင်း ဗိုလ်ချုပ် ကိုမိုဒိုပယ်ရီ၏ ဒုတိယအကြိမ် မြောက် ဂျပန်ခရီးစဉ် ၁၈၅၄ ခု နောက်ပိုင်း ဂျပန်နိုင်ငံက အထီးကျန် ဘ၀မှ ကမ္ဘာကြီးကို မိမိ၏ ပိတ်ထားခဲ့သော တံခါးကို ဖွင့်ပေးလိုက်ချိန်မှ စ၍ ငွေကြေးပမာဏ ဖောင်းပွလာခဲ့သည်ကို အီဒိုခေတ် နှောင်းပိုင်းတွင် တွေ့ရှိခဲ့ရသည်။

တိုကူဂါဝါ အစိုးရက အနောက်နိုင်ငံကြီးများ၏ ဖိအားဒဏ်ကို မခံနိုင်တော့သဖြင့် ၁၈၅၈ ခုနှစ်တွင် အနောက်နိုင်ငံများနှင့် ကုန်သွယ်မှု ပြုနိုင်ရန် စာချုပ်များကို ချုပ်ဆိုပေးခဲ့သည်။ သို့ရာတွင် ကာကွယ်ရေး အစီအမံများ ပြုလုပ်ရသဖြင့် ဂျပန်အစိုးရက သင်္ဘောကျင်းများ၊ သံလုပ်ငန်းဆိုင်ရာ စက်ရုံအလုပ်ရုံများကို အနောက်နိုင်ငံပုံစံအတိုင်းလိုက်၍ လုပ်ခဲ့ရသည်။ ၁၀ နှစ်အတွင်း အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒများကိုပါ ပြုပြင်ပြောင်းလဲ၍ ပြောင်းလဲလာသော အခြေအနေများကို ရင်ဆိုင်နိုင်အောင် ကြိုးပမ်းခဲ့သည်။

ဈေးပေါသော ပြည်ပ သွင်းကုန်များကြောင့် ပြည်တွင်းမှ စီးပွားရေး လုပ်ငန်းအချို့ ကျဆင်းလာခဲ့ရသည်။ ပိုးချည်မျှင်နှင့် လက်ဖက်ခြောက် ပြည်ပပို့ကုန်ဈေးမှာ မြင့်တက်လာခဲ့သည်။ ပြည်ပမှ တင်သွင်းလာသော ဈေးပေါသည့် အထည်များကြောင့် ပြည်တွင်းမှ ဂျပန်အထည်ထုတ်လုပ်သူများ နစ်နာခဲ့ရသည်။

၁၈၇၂ ခုနှစ်တွင် ဂျပန် မှူးမတ်အနွယ်ဝင်များနှင့် ရဲမက်ဟောင်းများက စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို စီမံခန့်ခွဲခဲ့ကြသည်။ လူတိုင်းကို မိမိ နှစ်သက်ရာ အလုပ်နှင့် အသက်မွေးဝမ်းကျောင်းခွင့်ကို ပြုခဲ့သည်။ လူတိုင်း ပညာ သင်ကြားခွင့်ကိုပါ ရရှိလာခဲ့ကြတော့သည်။

mgyoe.com

mgyoe.com


မြေခွန်စနစ်ကို ပြုပြင်ပြောင်းလဲလိုက်သဖြင့် အစိုးရက အခွန်ငွေပို၍ ရရှိလာခဲ့သည်။ ၁၈၆၈ ခုနှစ်က စနစ်ဟောင်း အခွန်ကောက်ခံမှုအရ ယန်းငွေ နှစ်သန်းသာ မြေခွန် ရရှိခဲ့သော်လည်း ပြုပြင်ပြောင်းလဲမှု ပြုလုပ်ပြီးသောအခါ ၁၈၇၃ ခုနှစ်တွင် ယန်းငွေ သန်း ၆၀ မြေခွန် ကောက်ခံရရှိခဲ့သည်။ ဂျပန်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေလုံးငွေရင်းကို လယ်ယာ စိုက်ပျိုးရေးမှ ရရှိသော အခွန်ငွေဖြင့် ဖြည့်ဆည်း မတည်ခဲ့ရခြင်းဖြစ်သည်။

ဤသို့ဖြင့် လွတ်လပ်သော စီးပွားရေးစနစ်၏ ခေတ်ဦးသို့ ရောက်ခဲ့ပြီး အရင်းရှင်စနစ်ပါ စတင် ထွန်းကားလာခဲ့တော့သည်။ မြေပိုင်ရှင်များကလည်း လယ်သမားများထံမှ ရရှိသော မြေခွန်ဖြင့် ရင်းနှီး မတည်ကာ ဝါဂွမ်း ချည်ငင်ယက်သော လုပ်ငန်းများကို ထူထောင်ခဲ့ကြသည်။ ဘဏ်စနစ် စတင်ပေါ်ပေါက်လာကာ တဖြည်းဖြည်းနှင့် မီးရထားလမ်း ဖောက်လုပ်ရေးနှင့် ပင်လယ်ရေကြောင်း ပို့ဆောင်ရေး လုပ်ငန်းများပါ စတင်ထွန်းကား ပေါ်ပေါက်လာခဲ့သည်။

ထို့ကြောင့် မြေရှင်ကြီးများထံမှတစ်ဆင့် အရင်းအနှီးငွေ *(capital)* ကို စုဆောင်းပေးနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။ အခြားသော ရင်းနှီးငွေစုဆောင်းမှု နည်းလမ်းများလည်း အတန်အသင့် ရှိခဲ့ကြသည်။ ထိုအခါ ဂျပန်အစိုးရက စက်မှုလက်မှု ထွန်းကားရေးအတွက် ငွေအရင်းအနှီး ရရှိလာပြီ ဖြစ်၍ စတင် အားပေး လုပ်ဆောင်ခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အားပေးကူညီမှု ပြုလုပ်ပေးခဲ့သည်။ 'ရှိုကူစန်ကိုဂျို' မူဝါဒဟု ခေါ်ဝေါ်သည်။ အမျိုးသား ဘဏ်လုပ်ငန်းစနစ်များကိုပါ စတင် တည်ထောင်ပေးလိုက်သည်။ မီးရထားလမ်းများနှင့် စာပို့တိုက် စနစ်ကိုပါ တစ်ပါတည်း ထူထောင်ပေးခဲ့သည်။

စံပြစက်ရုံ အလုပ်ရုံများကိုလည်း ပုဂ္ဂလိက လုပ်ငန်းရှင်များ စံနမူယူနိုင်အောင် တည်ထောင် ဖွင့်လှစ်ပြသသည်။ ထို့နောက် ထိုစက်ရုံများကို


mgyoe.com

mgyoe.com 

ပုဂ္ဂလိက လုပ်ငန်းရှင်များအား ရောင်းချပေးသည်။ အစိုးရက ပုဂ္ဂလိက များကို စက်ကိရိယာများနှင့် ငွေကြေး အရင်းအနှီးပါ ထုတ်ချေးပေးသည်။

**အစိုးရက စက်ရုံအလုပ်ရုံများကို စတင်တည်ဆောက် အကောင်အထည် ဖော်ပေးပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များကို ရောင်းချပေးခဲ့ခြင်းကြောင့် ဂျပန် ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်ကြီးပွားလာခဲ့ရခြင်း**

ဤစနစ်က အလွန်အရေးကြီးပြီး အဖိုးတန်လှပါသည်။ ဤစနစ်ကြောင့် ဂျပန်နိုင်ငံတွင် စက်မှုလုပ်ငန်း မျိုးစုံမှာ အလျှိုအလျှို ပေါ်ပေါက်လာခဲ့ ရသည်။

ပိုးထည် ယက်လုပ်ခြင်းလုပ်ငန်း၊ ပိုးချည်ငင်လုံးများ ထုတ်လုပ်ပေး ခြင်း လုပ်ငန်း၊ ဘိလပ်မြေ ထုတ်လုပ်မှု၊ ဖန်ထည်မှန်ထည် ထုတ်လုပ်မှုများ ပါဝင်သည်။ ဤမူဝါဒကြောင့် ဂျပန်အတွက် အလွန်လိုအပ်သော အတတ် ပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာများကို ရရှိလာခဲ့ရခြင်း ဖြစ်သည်။

ထိုလုပ်ငန်းများပေါ် အခြေခံ၍ ဂျပန်နိုင်ငံ၏ သင်္ဘော တည်ဆောက် ရေး လုပ်ငန်းများ၊ သံမဏိ ထုတ်လုပ်ရေး လုပ်ငန်းများ တစ်စတစ်စ ထွန်းကား ပေါ်ပေါက်လာခဲ့ကြခြင်း ဖြစ်ပေသည်။ ၁၈၇၆ ခုနှစ်မှ ၁၈၈၀ ပြည့်နှစ်များအတွင်း ဘဏ်လုပ်ငန်းများ စတင် ဖြစ်ထွန်း ပေါ်ပေါက်လာ ခဲ့ကြသည်။ ထိုမှတစ်ဆင့် နိုင်ငံသုံးငွေ ရိုက်နှိပ်ထုတ်ဝေခြင်း အဆင့်ကို တက်လာခဲ့သည်။ ထိုငွေများ အမျိုးသား ဈေးကွက်ထဲ ဝင်ရောက်လာကာ ထိုမှတစ်ဆင့် ပြည်သူများ၏ စုဆောင်းငွေများ ဖြစ်လာပြီး ထိုပြည်သူ တို့၏ စုဆောင်းငွေမှာ စက်မှုလုပ်ငန်းများ စတင် ပေါ်ထွန်းလာစေရန် အတွက် မူလပင်မ အခြေခံ အရင်းအနှီးငွေများ ဖြစ်လာခဲ့သည်။

၁၈၈၂ ခုနှစ်တွင် ဂျပန်နိုင်ငံ ဗဟိုဘဏ်ကြီးကို စတင် တည်ထောင်ခဲ့ သည်။ ဗဟိုဘဏ်မှ တစ်နိုင်ငံလုံးတွင် သုံးစွဲနိုင်ရန် ငွေစက္ကူများကို ရိုက်

mgyoe.com

mgyoe.com

နှိပ် ထုတ်ဝေပေးခဲ့သည်။ ထိုအခါ တစ်နိုင်ငံလုံးရှိ ငွေကြေးစနစ်များ တစ်ပြေးညီ ဖြစ်ကာ စုစည်းပေါင်းစပ်မိသွားသည်။

၁၈၇၈ ခုနှစ်မှ ၁၈၈၀ ပြည့်နှစ်အတွင်း ပင်လယ်ရေကြောင်း ပို့ဆောင်ရေးစနစ်မှာ တိုးတက် ဖွံ့ဖြိုးလာခဲ့ပြီး ၁၈၈၁ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်အတွင်း မီးရထား ပို့ဆောင်ရေးစနစ် တိုးတက် ဖွံ့ဖြိုးလာခဲ့သည်။ မီးရထားလမ်းများမှာ တစ်နှစ်လျှင် ၂၇.၄ ရာခိုင်နှုန်းဖြင့် ကျယ်ပြန့်တိုးပွားလာသည်။ ထို့ကြောင့် စက်မှုလုပ်ငန်းများ ယခင်ကထက် ပိုမိုတိုးတက် ဖွံ့ဖြိုးလာခဲ့ကြပြီး ဂျပန်အမျိုးသားဈေးကွက်မှာလည်း တစ်စုတစ်စည်းတည်း ဖြစ်လာခဲ့သည်ကို တွေ့ရသည်။ သယ်ယူပို့ဆောင်ရေးတိုးတက်လာသောကြောင့် ကျောက်မီးသွေး တူးဖော်ထုတ်လုပ် ရောင်းချရေး လုပ်ငန်းမှာ ကြီးပွားတိုးတက်လာခဲ့တော့သည်။ ၁၈၉၀ ပြည့်နှစ်များတွင် ဂျပန်နိုင်ငံက မိမိ ထုတ်လုပ်သမျှ ကျောက်မီးသွေး၏ ၅၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ ရောင်းချနိုင်ခဲ့သည်။

ဂျပန်နိုင်ငံ၏ 'ဇိုင်ဘတ်စု' ခေါ် ဧရာမ စီးပွားရေးလုပ်ငန်းကြီးများ ဖြစ်ကြသော မစ်ဆုအိကုမ္ပဏီ၊ မစ်ဆုဘိရှိ ကုမ္ပဏီနှင့် ဆူမိတိုမို ကုမ္ပဏီတို့မှာ ကျောက်မီးသွေး ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းမှ အမြတ်အစွန်းများစွာ ရရှိလာခဲ့ကြပြီး ချမ်းသာကြွယ်ဝလာခဲ့ကြသည်။

၁၈၈၃ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်အတွင်း အထည် ရက်လုပ်ခြင်းလုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးလာခဲ့ကြသည်။ အထူးသဖြင့် ပိုးထည်ချည်လုံးများ ထုတ်လုပ်ခြင်း (နိုင်ငံခြား နည်းပညာကို ကျေးလက်ဒေသများတွင် အသုံးပြု၍ ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။)နှင့် ဝါဂွမ်းထည်များကို အကြီးအကျယ် ရက်လုပ်ခဲ့ကြသည်။ ဝါဂွမ်းရော ပိုးထည်များကိုပါ ပြည်ပနိုင်ငံများသို့ အကြီးအကျယ် တင်ပို့ရောင်းချခဲ့ရသည်။ ထိုအခြေခံမှတစ်ဆင့် မေဂျီခေတ် စက်မှုလက်မှု ဖွံ့ဖြိုးရေး ဖြစ်စဉ်ကြီး တစ်ခုလုံး စတင် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


၁၈၉၀ ပြည့်နှစ်တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုခဥပဒေကို ထုတ်ပြန် ပြဋ္ဌာန်းခဲ့သည်။ ထိုစဉ်က အလုပ်သမား ပေါများ၍ လုပ်ခ သက်သာသဖြင့် အရင်းအနှီး ကြီးမားသော နိုင်ငံခြားမှ စက်ကိရိယာများ ကို မဝယ်ယူဘဲ လုပ်အားများများ သုံး၍ ထုတ်လုပ်ရသော စက်ကိရိယာ များကိုသာ ဝယ်ယူကာ အထည် ရက်လုပ်ခြင်း၊ ဂျုံ ကြိတ်ခြင်း၊ သကြား ချက်လုပ်ခြင်း၊ ဘီယာ ထုတ်လုပ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ထိုစဉ်က နိုင်ငံခြားတိုင်းပြည်များ၏ ဖိအားပေးခြင်းခံရသောကြောင့် မေဂျီအစိုးရ ချုပ်ဆိုရသည့် စာချုပ်များအရ နိုင်ငံခြား သွင်းကုန်များအပေါ် အခွန် (သွင်းကုန်ခွန်) ကောက်ခံခွင့် မရရှိခဲ့ကြပါ။

ပိုးချည်မျှင် ကုန်ကြမ်းများကို ပြည်ပသို့ တင်ပို့ ရောင်းချ၍ရသော နိုင်ငံခြားငွေများဖြင့် ဂျပန်နိုင်ငံ စက်မှုလုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးရေး အတွက် လိုအပ်နေသော စက်ကိရိယာနှင့် ပစ္စည်းတန်ဆာပလာများကို ဝယ်ယူ တင်သွင်းနိုင်ခဲ့ကြသည်။

## ၁၈၆၈ ခုနှစ်မှ ၁၉၁၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ တိုးတက် ဖြစ် ထွန်းမှုများ

ဂျပန်နိုင်ငံတွင် အထွေထွေပညာရေး အဆင့်မြင့်မားနေပြီး အရင်းအနှီးများ လည်း စုဆောင်းမိခဲ့သည့်အပြင် အစိုးရကလည်း ဂျပန်နိုင်ငံကို ခေတ်မီ တိုးတက်သော စက်မှုဖွံ့ဖြိုးသည့် နိုင်ငံ ဖြစ်လာစေရန် အခိုင်အမာ ဆုံး ဖြတ်ချက်ချထားပြီး ဖြစ်နေခဲ့ပါသည်။ ထိုအချက် နှစ်ချက်က ဂျပန်နိုင်ငံ၏ စက်မှု ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်စဉ်ကြီးကို အစပြုပေးခဲ့ကြသည်။

ဂျပန်များ၏ ပင်ကိုစိတ်ဓာတ် သဘာဝကလည်း စွန့်စွန့်စားစား စီးပွား ရေးလုပ်ငန်းများကို တီထွင် လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒပြင်းပြတတ်ကြ သည်။ ပြည်သူများကလည်း အရင်းရှင် စီးပွားရေးစနစ်ကို နှစ်သက်ကြ သောကြောင့်သာ ဂျပန် မေဂျီအစိုးရက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

mgyoe.com

mgyoe.com SAMPLE BOOK

လာစေရေးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

ရှေးဦးပိုင်းက စီးပွားရေး လုပ်ကိုင်ခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်များအနက် အနည်းငယ်သောသူများသာ ပညာတတ်များ ဖြစ်ခဲ့ကြသည်။ မှူးမတ်များ၊ ချမ်းသာသော လယ်သမားများနှင့် ကုန်သည်များကလည်း စက်မှုလုပ်ငန်းများ ထူထောင်သည့်ကိစ္စတွင် ပါဝင်လုပ်ကိုင်ခဲ့ကြသည်။

ရိုးရာစီးပွားရေးကိုသာ လုပ်ကိုင်ခဲ့ကြသော ကုန်သည်များက စီးပွားရေး လုပ်ငန်းသစ်၏ နည်းနာများနှင့် အယူအဆသစ်များကို တဖြည်းဖြည်းသာ လက်ခံနိုင်ခဲ့ကြသည်။ သို့ရာတွင် အရင်းအနှီး အများစုကို ၎င်းတို့ကသာ ထုတ်ပေးခဲ့ကြခြင်း ဖြစ်သည်။

ဂျပန်အစိုးရပိုင် ဒိုင်အိချီဘဏ်နှင့် အခြား တိုကျိုမြို့တော်ရှိ စက်မှုစီမံကိန်းများကို စုစည်း ဦးဆောင် ညွှန်ကြားပေးခဲ့သော ရှီဘုဆာဝသည် မေဂျီ အစိုးရကို အကြံပေးခဲ့သည့် အရာရှိကြီး ဖြစ်သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များက အစိုးရ၏ ကူညီ ထောက်ပံ့မှုဖြင့် စက်မှုလုပ်ငန်း အများအပြားကို ထူထောင်ပေးခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များထဲတွင် ကုန်သည်များနှင့် မြေပိုင်ရှင်ကြီးများလည်း ပါဝင်လှုပ်ရှားခဲ့သည်။

စက်မှုလုပ်ငန်းအတွက် လိုအပ်သော ငွေ အရင်းအနှီးများကို ဘဏ်များမှ ချေးယူခဲ့ကြသည်။ ဘဏ်အများစုကို ကုန်သည်များက စီမံကွပ်ကဲကြီးကြပ်ပေးပြီး ငွေကြေးများကိုလည်း ထောက်ပံ့ပေးခဲ့ကြသည်။ ၁၈၈၃ ခုနှစ် ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်ပြီးနောက်ပိုင်း ကုန်သည်များက ဘဏ်များကို ပို၍ ချုပ်ကိုင်လာနိုင်ခဲ့ကြသည်။ အထည်လုပ်ငန်းများကိုလည်း ကုန်သည်များကသာ စီမံခန့်ခွဲကြပြီး ငွေ အရင်းအနှီးလည်း စိုက်ထုတ်ပေးခဲ့ကြသည်။

နိုင်ငံတစ်ဝန်းလုံးရှိ မြေပိုင်ရှင်ကြီးများ လက်ထဲတွင် အရင်းအနှီးမတည်ငွေရင်း အလုံအလောက် ရှိနေခဲ့သည်။ ထိုသူများက မိမိတို့၏

mgyoe.com

mgyoe.com


စုဆောင်းငွေများဖြင့် ဘဏ်များ ထူထောင်ခြင်း၊ မီးရထားလမ်းများ ဖောက်လုပ်ခြင်း၊ ပိုးချည်ငင်ထုတ်လုပ်ခြင်း၊ ဝါဂွမ်းထည်များ ရက်လုပ်ခြင်းများတွင် အမြတ် ရရှိလို၍ ရင်းနှီးမြှုပ်နှံမှုများကို အင်တိုက်အားတိုက် ပြုလုပ်ခဲ့ကြသည်။

ဆာမူရိုင်းကြီး အိုင်ဝါဆာကီက မစ်ဆုဘီရှိ လုပ်ငန်းကြီးကို တည်ထောင် ဖွဲ့စည်းပေးခဲ့ပြီး ဂျပန်အစိုးရ၏ စောင့်ရှောက် ကာကွယ်ပေးမှုအောက်တွင် သင်္ဘော တည်ဆောက်ရေးလုပ်ငန်းကြီးကို တိုးချဲ့ပေးခဲ့သည်။ မစ်ဆုအီ (အီဒိုခေတ်ထဲမှ ကုန်သည်မျိုးရိုးမိသားစု) ကလည်း ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ဝါဂွမ်းချည်ငင်သည့်လုပ်ငန်း၊ သကြား ထုတ်လုပ်သည့် လုပ်ငန်းနှင့် စက်ပစ္စည်းကိရိယာများကို ထုတ်လုပ်ခဲ့ကြသည်။

ဂျပန်၏ ခေတ်ပေါ် စက်မှုလုပ်ငန်းကြီးများတွင် မီးရထားလမ်းများ တိုးချဲ့ ဖောက်လုပ်ခြင်း၊ သင်္ဘော တည်ဆောက်ခြင်း၊ သတ္တုမိုင်း တူးခြင်းလုပ်ငန်း၊ သံမဏိနှင့် ဘိလပ်မြေ ထုတ်လုပ်ခြင်း လုပ်ငန်းတို့ ပါဝင်ကြသည်။ ထိုအခြေအနေမှာ ၁၉၅၀ ပြည့်နှစ်များအထိ ဆက်လက် တည်တံ့နေခဲ့သည်။

၁၉၃၅ ခုနှစ်အထိ စိုက်ပျိုးရေး ထုတ်လုပ်မှုက စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုထက် သာလွန်နေခဲ့သည်။ ၁၈၇၉ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိ စက်မှုလုပ်ငန်းဆိုင်ရာ ကုန်စည်များ ထုတ်လုပ်မှုက နှစ်စဉ်မှန်မှန် ၄. ၈ ရာခိုင်နှုန်း တိုးတက်လာနေခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်လုပ်မှုများက နှစ်စဉ် ၁. ၇ ရာခိုင်နှုန်းသာ တိုးတက်လာနေခဲ့သည်။ (*GDP* ၏ ၂. ၆ ရာခိုင်နှုန်းသာ ရှိခဲ့သည်။) လူဦးရေ တိုးတက်နှုန်းမှာ ၁ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ၁၉၁၄ ခုနှစ်အထိ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများက စက်မှုလုပ်ငန်း အားလုံးမှ ရရှိသော ဝင်ငွေ၏ ထက်ဝက်ကျော်ကျော် ရရှိခဲ့သည်။ ၁၉၃၀ ပြည့်နှစ်သို့ ရောက်လာသောအခါ အိမ်တွင်း စက်မှုလုပ်ငန်းများက စက်မှုလုပ်ငန်း အားလုံး၏ ဝင်ငွေ သုံးပုံ တစ်ပုံအထိ

mgyoe.com

mgyoe.com SAMPLE BOOK

ရှာဖွေ ရယူနိုင်ခဲ့သည်။ ရိုးရာလုပ်ငန်းများမှာ ကျယ်ပြန့်ပြီး ဝင်ငွေပင် တိုးတက် ရရှိလာခဲ့ကြပြန်သည်။ စက်ဘီးပစ္စည်း ထုတ်လုပ်သော အလုပ်ရုံကလေးများမှ စက်ဘီး တပ်ဆင် ထုတ်လုပ်သူများသို့ စက်ဘီး အစိတ်အပိုင်းများကို ရောင်းချပေးကြသည်။

လယ်သမားများကလည်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အချိန်ပိုင်း လုပ်ကိုင်၍ ဝင်ငွေ ရှာကြသည်။ မြို့ပြများလည်း ပိုမိုကျယ်ပြန့်လာသဖြင့် အလုပ်သမားများ လိုအပ်လာသည်။ ၁၉၀၈ ခုနှစ်တွင် တိုကျိုမြို့တော်၌ အလုပ်လုပ်သော လူဦးရေမှာ ခုနစ်သိန်းကျော်ကျော်သာ ရှိခဲ့သည်။ ထိုလူများထဲမှ ၃၅ ရာခိုင်နှုန်းကသာ တိုကျိုဇာတိဖွားများ ဖြစ်ကြသည်။ ထိုအချိန်က တိုကျိုမြို့မှာ ကုန်သည်များနှင့် ကုန်ပစ္စည်း ထုတ်လုပ်ကြသူများ နေထိုင်ကြရာ မြို့ကလေးမျှသာ ဖြစ်ခဲ့သည်။ ရိုးရာနည်းစနစ်များဖြင့်သာ ကုန်စည်များ ထုတ်လုပ်ရောင်းချနေခဲ့ကြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကျေးလက်ဒေသများမှ လာရောက် အလုပ်လုပ်ကြသူများ တိုကျိုမြို့တွင် တစ်နေ့တခြား များပြားလာခဲ့သည်။ လစာပေးသည့် နှုန်းထားများမှာလည်း ဒေသတစ်ခုနှင့်တစ်ခု များစွာ ကွာခြားမှု ရှိတတ်သည်။

၁၉၀၇ ခုနှစ်တွင် ဂျပန်စက်မှုလုပ်ငန်း အတော်များများမှာ အခြေခိုင်နေကြပြီ ဖြစ်သည်။ ပိုးချည်မျှင်ကို အများဆုံး ပြည်ပသို့ တင်ပို့ခွင့်ရကြပြီး ဝါဂွမ်းကိုလည်း ပြည်ပသို့ တင်ပို့ခဲ့ကြသည်။ ဂျပန်အစိုးရက သင်္ဘောလုပ်ငန်း ကုမ္ပဏီကြီးများကို ပံ့ပိုးကူညီခဲ့သည်။ အစိုးရက သံနှင့် သံမဏိ စက်ရုံကြီးများကိုလည်း တည်ထောင်ပေးခဲ့သည်။ ထိုအချိန်မှ စတင်၍ ရေအားလျှပ်စစ်ဓာတ် ထုတ်လုပ်မှုကို စတင် ဆောင်ရွက် အစပျိုးထောင်ပေးခဲ့ပါသေးသည်။

ပထမကမ္ဘာစစ်ကြီးကြောင့် ဂျပန်နိုင်ငံ အပါအဝင် အခြားနိုင်ငံ များစွာတို့မှာ ပြောင်းလဲမှုများနှင့် ကြုံတွေ့ခဲ့ကြရသည်။ ၁၉၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံက ပြည်ပငွေပေးငွေယူ ရှင်းတမ်းတွင် အကျပ်အတည်း အခက်

mgyoe.com

mgyoe.com


အခဲနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သည်။ ဂျပန်နိုင်ငံက နိုင်ငံခြား တိုင်းပြည်များသို့ ယန်းငွေ ၁. ၁ ဘီလီယံ ပေးချေရန် ကြွေးမြီတင်ရှိနေခဲ့သည်။ သို့ရာတွင် ၁၉၂၀ ပြည့်နှစ်သို့ ရောက်လာသောအခါတွင် ဂျပန်က အခြားနိုင်ငံများထံမှ ယန်းငွေ ၂. ၇ ဘီလီယံ ရစရာ ရှိလာသော မြီရှင်နိုင်ငံ ဖြစ်လာခဲ့သည်။ ထိုအချိန်တွင် ဥရောပတိုက်၌ စစ် ဖြစ်ပွားခဲ့သဖြင့် ဂျပန်ပို့ကုန်ပစ္စည်းများ ပြည်ပဈေးကွက်များသို့ တင်ပို့ ရောင်းချရန် ကြီးမားသော အခွင့်အလမ်းကြီးကို ရရှိခဲ့သည်။ ပြည်ပ ဝယ်လိုအားက လေးဆ တိုးမြင့်လာသဖြင့် ဂျပန် ပြည်တွင်းထုတ်လုပ်နိုင်မှု ပမာဏက လိုက်၍မမီနိုင်အောင် ဖြစ်ခဲ့ရသည်။

ဂျပန်နိုင်ငံ၏ ပြည်ပပို့ကုန် ပမာဏမှာ ၁၉၁၄ ခုနှစ်တွင် ယန်းငွေ ၇၉၉ သန်း ရှိခဲ့ရာမှ ၁၉၁၉ ခုနှစ်တွင် ယန်းငွေ ၃. ၂၄၃ ဘီလီယံအထိ တိုးတက် မြင့်မားလာခဲ့သည်။ အထူးသဖြင့် တိုးတက်လာသော လုပ်ငန်းများမှာ သင်္ဘောဖြင့် ကုန်စည်သယ်ယူ ပို့ဆောင်ပေးရေး ဝန်ဆောင်မှုလုပ်ငန်း၊ သင်္ဘော တည်ဆောက်ရေး အကြီးစား စက်မှုလုပ်ငန်း၊ သံနှင့်သံမဏိ ထုတ်လုပ်ရေးလုပ်ငန်း၊ ဝါဂွမ်းချည်မျှင်ရက်သည့်လုပ်ငန်း၊ ပိုးချည်ထုတ်လုပ်မှုလုပ်ငန်း၊ အဝတ်အထည်များ ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ဖြစ်သည်။ လျှပ်စစ်ဓာတ်အားကို ၁၉၁၄ ခုနှစ်တွင် ၁၇၉၁ မီလီယံ ကီလိုဝပ် ထုတ်လုပ်နေရာမှ နှစ်ဆကျော်နီးပါး တိုးကာ ၁၉၁၉ ခုနှစ်တွင် ၄၁၉၃ မီလီယံ ကီလိုဝပ် ထုတ်လုပ်ပေးနိုင်ခဲ့သည်။

အထွေထွေစက်မှုလုပ်ငန်း၏ ထုတ်လုပ်မှု ပမာဏမှာ အနည်းဆုံး ၃. ၃ ဆ တိုးတက် မြင့်မားလာခဲ့ကြောင်း တွေ့ရသည်။ ဓာတ်သတ္တုတူးဖော်ရေးနှင့် ကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများတွင် အလုပ်အကိုင်သစ်ပေါင်း ၄၃ ရာခိုင်နှုန်း တိုးတက် ခန့်ထားနိုင်ခဲ့သည်။ ထိုအခြေအနေမျိုးတွင် လူများ၏ ဝင်ငွေရော စားသုံးမှု ပမာဏပါ တိုးတက်လာခဲ့ပြီး

mgyoe.com

mgyoe.com


စားသုံးမှုက ထုတ်လုပ်မှုထက် ပိုများနေခဲ့သဖြင့် ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ကုမ္ပဏီကြီးများက အမြတ်အစွန်း ပိုမိုရရှိခဲ့ကြသော်လည်း လူများ၏ လုပ်ခလစာမှာ တိုးမြင့်လာခဲ့ခြင်း မရှိပေ။

ထို့ကြောင့် ကုမ္ပဏီများအဖို့ လုပ်ငန်းမ တည် ရင်းနှီး ချဲ့ထွင်နိုင်ရန် ဝင်ငွေ (အမြတ်ငွေ) အလုံအလောက် ရရှိလာခဲ့ကြသဖြင့် စက်မှုလုပ်ငန်းတိုင်းလိုလိုတွင် တိုးချဲ့၍ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် အကြီးစား စက်မှုလုပ်ငန်းကြီးများနှင့် ဓာတုဗေဒဆိုင်ရာ စက်မှုလုပ်ငန်းကြီးများတွင် ပိုအော၍ ရင်းနှီး မြှုပ်နှံခဲ့ကြသည်။ လျှပ်စစ်ဓာတ်အားကို တိုးချဲ့ထုတ်လုပ်နိုင်ခဲ့ခြင်းနှင့် ပေါင်းစပ်လိုက်ကြသောအခါ ၁၉၁၄ ခုနှစ်က အကြီးစားနှင့် ဓာတုစက်မှု လုပ်ငန်းများ၏ ထုတ်လုပ်မှု ပမာဏမှာ စက်မှုထုတ်လုပ်မှု အားလုံး၏ ၂၆. ၇ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၁၉၂၀ ပြည့်နှစ်တွင် ၃၂. ၈ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။

သို့သော် ၁၉၂၅ ခုနှစ်တွင် ၂၅. ၈ ရာခိုင်နှုန်းသို့ ပြန်လည်ကျဆင်းခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ကုန်သွယ်ရေး ပြန်လည် စတင်လည်ပတ်လာသောကြောင့် ဖြစ်သည်။

## ၁၉၂၀ ပြည့်နှစ်များတွင် မြို့ပြတည်ထောင်မှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ

၁၉၂၀ ပြည့်နှစ်များအတွင်း ဂျပန်အစိုးရက လမ်းများ၊ တံတားများ တိုးချဲ့ဖောက်လုပ်ရေး ကိစ္စများတွင် ငွေ အမြောက်အမြား ရင်းနှီးမြှုပ်နှံခဲ့သည်။ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ၁၉၁၅ ခုနှစ်တွင် ယန်းငွေ ၁၃၈ သန်း သုံးစွဲခဲ့ရာမှ ၁၉၂၃ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်များအတွင်း နှစ်စဉ် ယန်းငွေ သန်း ၆၀၀ ကျော် ပုံမှန် သုံးစွဲပေးခဲ့သည်။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းပိုင်းတွင် ၁၉၂၀ ပြည့်နှစ်မှ ၁၉၂၅ ခုနှစ်အတွင်း စက်ရုံနှင့် စက်ကိရိယာ ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုမှာ


mgyoe.com

mgyoe.com


၁၀. ၇ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ အထူးသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် စပ်ဆိုင်သော တည်ဆောက်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ မီးရထားလမ်းနှင့် စက်ရုံအလုပ်ရုံများ၊ ဂိုဒေါင်များ တည်ဆောက်ရေး လုပ်ငန်းများတွင် လည်းကောင်း ရင်းနှီးမြှုပ်နှံ တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ ထိုအချိန်က သတ္တုနှင့် စက်ပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်းများက ခေတ်ပေါ် နည်းပညာများကို အသုံးပြုကာ မိမိတို့၏ စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုး တိုးတက်အောင် ပြုလုပ်နိုင်ခဲ့ကြသည်။ ပြည်ပမှ သွင်းသော ကုန်ပစ္စည်းများနှင့် ယှဉ်နိုင်လောက်သည်အထိ တိုးတက်မှု အပြည့်အဝ ရရှိလာခဲ့ကြပါသည်။

ကန်တိုလျှင်ကြီးကြောင့် ပြန်လည်တည်ဆောက်ရေး လုပ်ရသဖြင့် ၁၉၁၉ ခုနှစ်တွင် အစိုးရဘဏ္ဍာငွေ ယန်း ၂၀၄၅ သန်း ရှိခဲ့ရာမှ ၁၉၃၀ ပြည့်နှစ်တွင် အစိုးရ၌ ယန်းငွေ သန်း ၉၆၀ သာ ကျန်တော့သည်။ ၁၉၃၆ ခုနှစ်တွင် စက်မှုနည်းပညာများ တိုးတက်ထွန်းကားလာမှုကြောင့် ယခင်က ပြည်ပမှ တင်သွင်းခဲ့ရသော အလူမီနီယံ၊ ဓာတုဗေဒ အထည်များနှင့် မော်တော်ကားများကို ဂျပန်ပြည်တွင်း၌ ကောင်းစွာ ထုတ်လုပ်လာနိုင်ခဲ့ကြသည်။

၁၉၂၆ ခုနှစ်မှ ၁၉၃၇ ခုနှစ်များအတွင်း ဂျပန်နိုင်ငံက ပြည်ပမှ သွင်းကုန် ၅၇. ၃ ရာခိုင်နှုန်းကို ကုန်ကြမ်းပစ္စည်းများ ဝယ်ယူ တင်သွင်းခဲ့ရသည်။ ပြည်ပပို့ကုန် ပမာဏ မြင့်တက်လာသောကြောင့် ကုန်ကြမ်းပစ္စည်းများ ပိုမို လိုအပ်ခဲ့ရခြင်း ဖြစ်ပေသည်။

## လျှပ်စစ်ဓာတ်အား၊ ဓာတုနှင့် အကြီးစား စက်မှုလုပ်ငန်းများ ဂျပန်နိုင်ငံတွင် ကြီးမားကျယ်ပြန့်လာခြင်း

၁၉၃၉ ခုနှစ်တွင် ဂျပန်နိုင်ငံက လျှပ်စစ်စွမ်းအင် ပမာဏ ၃၄၁၄၄ မီလီယံ ကီလိုဝပ် ထုတ်လုပ်ပေးနိုင်ခဲ့သည်။ အကြောင်းမှာ စက်မှုလုပ်ငန်း

mgyoe.com

mgyoe.com

များ တိုးတက်များပြားပြီး တိုးချဲ့လာနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။ စက်ရုံ အများအပြားတွင် တပ်ဆင်ထားကြသော စက်ယန္တရား အများအပြားက လျှပ်စစ်ဓာတ်ကို ပိုမို သုံးစွဲလာကြသောကြောင့် လျှပ်စစ်ဓာတ်အားကို တိုးချဲ့ ထုတ်လုပ်ပေးခဲ့ကြရခြင်း ဖြစ်သည်။

လျှပ်စစ်ဓာတ်အားကို တိုးချဲ့ထုတ်လုပ်လာနိုင်ခဲ့ခြင်းကြောင့် ကုန်စည် ထုတ်လုပ်မှု နည်းစနစ်များပါ ပြောင်းလဲကုန်ကြသည်။ သမားရိုးကျ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သူများကလည်း မိမိတို့၏ ကုန်စည် ထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် လျှပ်စစ်စွမ်းအားကို စတင် အသုံးပြုလာခဲ့ကြသည်ကို တွေ့ရသည်။

၁၉၀၉ ခုနှစ်တွင် ဂျပန်စက်ရုံများက လျှပ်စစ်ဓာတ်အား သုံးစွဲမှု ပမာဏမှာ ၁၃ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၁၉၁၄ ခုနှစ်တွင် ၃၀. ၁ ရာခိုင် နှုန်းသို့ လျင်မြန်စွာ တိုးတက်လာခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် ၅၈. ၆ ရာ ခိုင်နှုန်းသော စက်ရုံများက လျှပ်စစ်ဓာတ်အားကို အသုံးပြုပြီး ကုန်ပစ္စည်း ထုတ်လုပ်ခဲ့ကြသည်။ ၁၉၃၀ ခုနှစ် ရောက်သောအခါ စက်ရုံ အားလုံး၏ ၈၆. ၈ ရာခိုင်နှုန်းက လျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်ပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ပြုလုပ်ခဲ့ကြသည်။ ၁၉၀၉ ခုနှစ်တွင် ၈. ၆ ရာခိုင်နှုန်းသာ သုံးစွဲခဲ့ကြရာမှ ၁၉၃၀ ပြည့်နှစ် ရောက်သောအခါ ၈၅ ရာခိုင်နှုန်းသော လုပ်ငန်းများက လျှပ်စစ်ဓာတ်အားကို သုံးစွဲလာခဲ့ကြသည်။

လူ ငါးဦးမှ ကိုးဦးအထိသာ အလုပ်လုပ်ကြသော အလုပ်ရုံနှင့် စက် ပြင်ရုံကလေးများကလည်း လျှပ်စစ်ဓာတ်အားကို ၈၄. ၅ ရာခိုင်နှုန်းအထိ တိုးတက် သုံးစွဲလာခဲ့ကြသည်။ လက်ရက်ကန်းမှ လျှပ်စစ်စွမ်းအားသုံး ရက်ကန်းများသို့ ပြောင်းလဲပြီး သုံးစွဲလာကြသည်။ လက်လှည့် တွင်ခုံများ က လျှပ်စစ်စွမ်းအားသုံး တွင်ခုံများ ဖြစ်လာကြသည်။ အိမ်တွင်းစက်မှု လက်မှု လုပ်ငန်းများက စက်ရုံကလေးများအဖြစ်သို့ ပြောင်းလဲလာခဲ့ကြ ရတော့သည်။

mgyoe.com

mgyoe.com


ဂျပန်နိုင်ငံအား စက်မှုထွန်းကားသော နိုင်ငံ ဖြစ်လာစေရန် လျှပ်စစ်ဓာတ်အားက အဓိကနေရာမှနေ၍ အထောက်အကူပြုခဲ့သည်။ လျှပ်စစ်ဓာတုဗေဒစက်မှု လုပ်ငန်းများ၊ ကျိုချက်စစ်ထုတ်ရသည့် လုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားကို များစွာ အသုံးပြုခဲ့ရသည်။ ဆော်ဒါ၊ ကာဗိုက်၊ အမိုးနီးယမ်း ဆာလ်ဖိတ်များ ထုတ်လုပ်ရာတွင် လျှပ်စစ်ဓာတ်က အရေးပါလှသည်။ ဒေသအတွင်း ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ် သုံးစွဲကြရာမှ ပိုလာသမျှသော လျှပ်စစ်ဓာတ်အားများကို လျှပ်စစ်ဓာတုဗေဒစက်မှုလုပ်ငန်းများ၊ သံမဏိ ကျိုချက်သည့် လျှပ်စစ်သုံး မီးဖိုကြီးများ၊ သံမဏိစက်ရုံများ၊ ဓာတုဗေဒလုပ်ငန်းများ၊ အကြီးစား စက်မှုလုပ်ငန်းများက သုံးစွဲကြသဖြင့် အလုပ်သမား လိုအပ်မှုလည်း ပိုမို များပြားလာခဲ့သည်။ အလုပ်သမားများကို ရာသက်ပန် အလုပ်သမားများအဖြစ် စတင်ပြီး ခန့်အပ်လာနိုင်ခဲ့ကြသည်။

ထိုအချိန်တွင် လယ်ယာလုပ်ငန်းခွင်၌ ဝင်ငွေ မကောင်းကြသဖြင့် အလုပ်သမားများက မြို့များသို့ တက်လာပြီး စက်ရုံလုပ်သားများအဖြစ် အလုပ်ဝင်လုပ်ခဲ့ကြသည်။ အချို့က လက်လီလက်ကား ရောင်းဝယ်ရေး ဝန်ထမ်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ (ဥပမာ-စည်ပင်သာယာရေး လုပ်ငန်းများ) တွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ လုပ်ငန်းကြီးများတွင် လုပ်ခ ပိုရကြပြီး လုပ်ငန်းသေးများတွင် လုပ်ခလစာ အနည်းငယ်စီသာ ရခဲ့ကြသည်။ အထည်လုပ်ငန်းနှင့် စက်ရုံ အငယ်စားများက ကာလတိုလုပ်ငန်းများအတွက် ကျွမ်းကျင်မှု မရှိသော လုပ်သားများကို လုပ်ခလစာ အနည်းငယ်မျှဖြင့် ငှားရမ်းခေါ်ယူစေခိုင်းကြသည်။ လုပ်ငန်းအကြီးစား၊ ကုမ္ပဏီအကြီးစားများက ကျွမ်းကျင်သော လုပ်သားများကို လစာကောင်းကောင်း ပေး၍ မိမိတို့ထံတွင် အမြဲတစေ အလုပ်လုပ်ကိုင်စေခဲ့သည်။ ကျွမ်းကျင်မှု မရှိသော ဝန်ထမ်းများကိုမူ လိုအပ်မှသာ ယာယီခေတ္တ ငှားရမ်း၍ အသုံးပြုခဲ့သည်။

mgyoe.com

mgyoe.com

စက်ရုံကြီးများက အလုပ်သမား အနည်းငယ်သာ အသုံးပြုရသော တန်ဖိုးကြီးမားသည့် ခေတ်မီစက်ကြီးများကို သုံးစွဲ၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကုန်ထုတ်လုပ်မှုကို တိုးချဲ့မြှင့်တင်ပေးနိုင်ရန် ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးနောက်ပိုင်းတွင် 'ဇိုင်ဘက်စု' (သူဌေးမိသားစုကြီးများ) က မိမိတို့၏ ဓနအင်အား ကြီးမားမှုကို အသုံးချပြီး ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ မိုင်း တူးဖော်ခြင်းလုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားနိုင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ် ရောက်သောအခါ ငွေကြေး ထုတ်ဝေမှု များလာခဲ့ပြီး ဘဏ်အတိုးနှုန်း ကျဆင်းလာသဖြင့် 'ဇိုင်ဘက်စု'များ၏ ဩဇာအရှိန်အဝါ ကျဆင်းလာခဲ့ရတော့သည်။

ငွေကြေးအင်အား ကြီးမားသဖြင့် မစ်ဆုအိ၊ မိဆူဘီရှိ၊ ဆူမိတိုမို၊ ယာဆူဒါတို့က အခြားကုမ္ပဏီများတွင် အစုရှယ်ယာများ ဝယ်ယူလိုက်ကြကာ စီမံခန့်ခွဲရေး ကိစ္စတွင်ပါ ဝင်ရောက် ဆောင်ရွက်လာခဲ့ကြသည်။ ထိုကုမ္ပဏီကြီးများက အုပ်စုဖွဲ့ကာ ဘဏ်များ တည်ထောင်ခဲ့ကြသဖြင့် စက်မှုလုပ်ငန်းများအပေါ် ၎င်း' ဇိုင်ဘက်စု'များက ပို၍ ဩဇာအရှိန်အဝါ သက်ရောက်နိုင်ခဲ့ကြသည်။

## ဒုတိယကမ္ဘာစစ်၊ စစ်ပြီးနောက် ပြုပြင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ

၁၉၃၆ ခုနှစ်တွင် အစိုးရက ငါးနှစ်စီမံကိန်းတစ်ခုကို ရေးဆွဲ ချမှတ်ပြီးနောက် သံမဏိ၊ ကျောက်မီးသွေး၊ လောင်စာဓာတ်ဆီ လုပ်ငန်းများကို အဓိက ဦးစားပေး၍ ထုတ်လုပ်စေခဲ့ရာ ထိုလုပ်ငန်းများတွင် ပုံသေ ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ များစွာ သုံးစွဲခဲ့ကြရသည်။ ဂျပန်နိုင်ငံက ပြည်ပ

mgyoe.com